# ပုံနှိပ်မှတ်တမ်း


အကြည်တော်၏ စာအုပ်အမှတ်စဉ် (၃၁)

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၀၈၂၀၉၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၂၃၀၀၇ |

| | |
|---|---|
| အဖုံး ဒီဇိုင်း | - ကိုဆန်း |
| ထုတ်ဝေသူ | - ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | ဂ၈၊ ခုထပ်(ညာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| | ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |




အမှန်တော့ ကျွန်တော်က တောသားလည်း ဟုတ်ရပေါင်ဗျာ. . ။

ဒါပေမယ့် ကျွန်တော့်အဖေ ဦးထွန်းနိုင်က တောသားဗျ. . . ။

အဖေက မော်လမြိုင်မြို့က နေ ရေလမ်းခရီးနဲ့ တစ်ညအိပ်သွားမှရောက်တဲ့ ကရင်ကဒိုက်ရွာသား. ။

သူ့အသက် ရှစ်နှစ်လောက်မှာ စစ်ကြီးဖြစ်လို့ မော်လမြိုင်မြို့ကို ထွက်ပြေးလာရာကနေ သူလိုပဲ စစ်

ရှောင်ရင်း ကတိုးကောနှပ်က ပြောင်းပြေးလာတဲ့ ကျွန်တော်တို့'မာတာမော်ဒယ် ဒေါ်ညွန့်နွယ်'နဲ့ အကြောင်းပါကြတာကလား။ အဲဒီတုန်းက ကျွန်တော်တို့ မမွေးသေးဘူးပေါ့။ (ဟယ်. . အခုမှ အဖေ အမေ ညားတုန်းရှိသေး။ 'ပန္နက်' ကလေးတောင် မရိုက်ရသေးဘဲ ကလေးကဘယ့်နှယ်မွေးမှာတုံး . . . ။)

နှစ်ယောက်လုံးကတော့ တောသူတောင်သားများပီပီ တောမှာနေ ရတာကိုပဲ နှစ်သက်ကြပါတယ်။ အဖေဝန်ထမ်းဖြစ်တော့ ဝန်ထမ်းတို့ ဘာသာဘာဝ ပြောင်းရွှေ့ရပေါ့ဗျာ . . . ဒါပေမယ့် တောသဘာဝကိုကြိုက်တဲ့ကျွန်တော့်အဖေက သူ့ဗီဇအတိုင်း တောရွာတွေမှာပဲ လှည့်ပတ်တာဝန် ထမ်းဆောင်ခဲ့ရှာတယ်။

သူများမသွားချင်တဲ့ ခေါင်ပေ့နက်ပေ့ဆိုတဲ့ တောရွာများဆိုလို့ကတော့ ကျွန်တော့်အဖေတို့များအသည်းယားပြီ . . . သွားမယ်လာထားပဲ ဒီတော့ ဒီတောကြိုက်မိဘနှစ်ပါး ကောင်းမှုအကြောင်းပြုပြီး ကျွန်တော်တို့လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်အနှံ့ မနေဖူးတဲ့နေရာ မရှိခဲ့ဘူး။' မြို့တော့မပါဘူးနော် . . . တောကိုပြောတာ . . . တော . . . တော . . . ။ မြဝတီ၊ တောင်သုံးလုံး၊ ကော့ကရိတ်ကနေ (အဲဒီတုန်းက အင်မတန်ခေါင်တယ်ဆိုတဲ့) ခလည်တံခွန်တိုင်၊ မွန်တံခွန်တိုင်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိတ်ကြီး၊ တောင်ကြာအင်း စသည်ဖြင့် နေခဲ့ရတဲ့အပြင် မွန်ပြည်နယ် ဆယ်မြို့နယ်လုံးမနေခဲ့ဖူးတဲ့မြို့ မရှိ ခဲ့ဘူး။ (ဒါတောင် အိမ်ကထွက်ပြေးပြီး ရခိုင်ရောက်တဲ့အကြောင်း မပြောသေးဘူး)

ပြောရဦးမယ်. . . ။ အဖေက ဝန်ထမ်းကောင်းဗျ။ အဖေစပြီး ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကတည်းကနေ ပင်စင်ယူတဲ့အထိ ခွင့်တစ်ရက်မှ မယူခဲ့ဖူးဘူး။ တာဝန်နဲ့ပတ်သက်ပြီး လစ်ဟင်း





ပျက်ကွက်ခဲ့တာ မရှိဘူး။ သူ့အလိုလိုနေရင်းနဲ့ကို စံပြဝန်ထမ်းကောင်းဖြစ်နေတာလေ။

ဒီလောက် ဝန်ထမ်းကောင်းဖြစ်ချင်တဲ့ အဖေ့ကို သူ့အထက်အရာရှိများက တောပဲပို့ပါတယ်။

တောပို့တော့လည်း အဖေကပျော်ပျော်ပဲ. . ။ သူကိုယ်တိုင်တောမှာ နေချင်သူဆိုတော့ ကျွန်တော်တို့ကိုလက်ဆွဲ တောထဲသွားတာပဲ။ အဲဒါကြောင့်ပြောတာပေါ့. . . ။

ခင်ရယ်. . . ။

အမှန်တော့ ကျွန်တော်က တောသားလည်း ဟုတ်ရပေါင်ဗျာ. . ။

× × × × ×

ပြောရဦးမယ်...။

ကျွန်တော့်အဖေက အဲသည်လို အပြစ်ကင်းအောင်နေတဲ့ အပြင် အချိန်ကိုလည်း အရမ်းလေးစားပါတယ်။

ရှစ်နာရီချိန်းထားတဲ့ အလုပ်ကို ရှစ်နာရီအတိအကျ သွားပါတယ်။ ပိုလည်းမပိုဘူး၊ လိုလည်းမလိုဘူး။

ဆယ်နာရီဆိုလည်း ဒီလိုပဲ။ ဆယ်နာရီ အတိအကျပဲ လုံးဝအချိန်မမှားဘူး။ ကျွန်တော် အခုလိုပြောလို့





ကျွန်တော့်အဖေရဲ့ အချိန်တိကျပုံကို လေးလေးနက်နက် ခန့်မှန်းမိမှာမဟုတ်ပါဘူး။ အသေအချာ ခန့်မှန်းလို့ရအောင် ကျွန်တော်တို့ ညီအစ်ကိုခုနစ်ယောက်နဲ့ သာဓက ရှင်းပြပါမယ်။ အဖေမွေးထားတာက ကျွန်တော်တို့ညီအစ်ကိုခုနစ်ယောက်။ အားလုံး နှစ်နှစ်ခြားတစ်ယောက်ပဲ။ အဖေလုံးဝအချိန်မမှားဘူး။ တစ်ယောက်မွေးပြီး နောက်နှစ်နှစ်ကြာရင်တစ်ယောက်၊ နောက် နှစ်နှစ်ကြာရင် တစ်ယောက်၊ ကွက်တိပဲ။ အားလုံးခုနစ်ယောက်...။ အဲဒီခုနစ်ယောက်မွေးဖို့ အဖေ ဆယ့်လေးနှစ်တိတိ အချိန်ယူခဲ့တယ်။

အဖေ့အချိန် တိကျပုံပြောပါတယ်..။

ဒါတောင် အဖေနဲ့အမေက မတည့်လို့။ မျက်နှာချင်းဆိုင်တာနဲ့ရန်ဖြစ်တာပဲ..။ ရန်ဖြစ်ရင်လည်း အဖေကသိပ်မာနကြီးတာ..။

သူချည်း အထုပ်ဆွဲဆင်းတော့တာပဲ...။

ပြီးတော့ အဖေကတခြားလူတွေနဲ့ဆို ညင်သာပျော့ပျောင်းသလောက် အမေနဲ့ဆိုရင်တော့ ခပ်မာမာပဲဆက်ဆံတယ်...။

"ကိုထွန်းနိုင် ဒီအဝတ်တွေလျှော်လိုက်ပါလား" ဆို

"အေး...လျှော်တယ် ဘာဖြစ်လဲ..."

တွေ့လား... မာမာပဲ။

"ကိုထွန်းနိုင် ပိုက်ဆံမလောက်လို့ပေးပါဦး"

"ရော့ယူသွား...စကားမရှည်နဲ့"

"ကိုထွန်းနိုင် ထမင်းချက်လိုက်ဦး" ဆို

"ချက်တယ်ကွာ...ဘာလုပ်ချင်လဲ..."

အဖေက အဲလိုကို မာတာ။

ကျွန်တော် အမေ့ကို မေးဖူးတယ်..။

"အမေရယ်. . အဖေနဲ့အမေ ဒီလောက်မတည့်တာတောင် ဘာလို့ ကလေးခုနစ်ယောက်တောင် မွေးချခဲ့တာလဲ. . ."

ဆိုတော့ အမေက. . .

"အိုကွယ်. . နင့်အဖေက နှစ်နှစ်တစ်ခါ သူ့မှားကြောင်းလာလာတောင်းပန်တာကိုး. . ."

ဟော. . . ဒါလည်း တိကျပြန်ရော. . .။

× × × × ×





ငယ်ငယ်တုန်းကပေါ့ . . .။

နယ်တွေဆိုခဏခဏ ပြောင်းဖူးတယ်။ တစ်နေရာ ခြောက်လကနေ အလွန်ဆုံးနေခဲ့တဲ့ ဘီလူးကျွန်းမှာ ခြောက်နှစ်ထိပေါ့။

နယ်ပြောင်းရတာ ပျော်စရာတော့ကောင်းပါတယ်။ နယ်ပြောင်းပြီဆို ပါနေကျ မီးခိုးကြောင့် မဲတူးနေတဲ့ ဒန်အိုးစုတ်ကြီး နှစ်လုံးကို လုံချည်နဲ့ထုပ်၊ စစ်ခြင်ထောင်ဟောင်း ကြီးတစ်ထည်ကိုဖျာလိပ်ထဲထည့်၊အဝတ်အစား

စုတ်တွေ စောင်နဲ့ချည်။ ဒီလိုပဲခေါင်းရှက်ပြီးပြောင်းကြရတာ။ ဇိမ်ခံပစ္စည်းဆို ထိုင်ခုံမပြောနဲ့ သေတ္တာတောင်မပါဘူး။ ယခုခေတ်ဝန်ထမ်းများလို တီဗီ၊ ရေခဲသေတ္တာ ဝေးရော. . . ။

ဝတ်ရတာကလည်း မြင်းခေါင်းစွပ်ကျယ်နဲ့ သင်တိုင်းတစ်ထည်စီပဲရှိတယ်။ ပြောရဦးမယ် အဝတ်အစားအကြောင်း. . . ။

ငယ်ငယ်တုန်းကဆို အင်္ကျီအသစ်ဆိုတာ တစ်ခါမှမဝတ်ဖူးခဲ့ဘူး။ အဖေက သူအချိန်တိကျခဲ့တဲ့ သူ့သားသမီးတွေထဲက အကြီးဆုံးတစ်ယောက်ကိုပဲ အသစ်ဝယ်ပေးတယ်. ။ အဖေက အဲဒီမှာလည်းတိကျပြန်ရော။ ဇယားဆွဲပြီးတော့ကို ပလမ်ချခဲ့လေသလားပဲ. . . ။

အကြီးဆုံးတစ်ယောက်ကို အင်္ကျီအဝတ်အစားဝယ်ပေးတယ်။ နှစ်နှစ်ကြာရင် နောက်တစ်ယောက် တက်လာရင် အဲဒီအဝတ်ကို သူယူဝတ်။ ကွက်တိပဲ။ သူပြီးနောက်တစ်ယောက်။ သူပြီးနောက်တစ်ယောက်။ အဲ. . အဲဒီမှာမှ အကြီးဆုံးတွေက ပြဿနာမရှိ ပေမယ့် ကျွန်တော်တို့ အငယ်တွေကျတော့ ပြဿနာရှိပြန်ရော. . . ။

ဘာလို့လဲဆိုတော့ အားလုံးသိတော်မူကြတဲ့အတိုင်း ကျွန်တော်တို့ အငယ်သုံးယောက်ရဲ့အထက်မှာ မချောဆိုတဲ့အစ်မတစ်ယောက်ရှိနေတယ်လေ။

မချောက သူ့အလှည့်ကျတော့ သူကမိန်းမကိုး. . . ။

ရလာတဲ့လုံချည်တွေကို အထက်ဆင်တွေတပ်၊ ဒေါက်တွေတပ်ပြီး ဝတ်တော့တာပေါ့. . ။ ကျွန်တော်တို့တွေက သူ့အငယ်တွေဆိုတော့ သူ့ဆီကကျလာတာတွေကို အထက်ဆင်တွေဖြုတ်၊ ဒေါက်တွေဖြုတ်ပြီး ဒီအတိုင်းပြန်ဝတ်ရတာ။

ဒါကြောင့် ကျောင်းနေတုန်းကဆို ဆရာမတွေရဲ့ အရိုက်ခံရရင် ကျွန်တော်တို့က ပိုအရိုက်ခံရတယ်. . ။ ဟုတ်တယ်လေ. . . ။





"ရုပ်ကြည့်တော့ ကျောက်ရုပ်မျိုး ၊ ဖင်မှာကြည့်တော့ ဒေါက်ချုပ်ရိုး "ဆိုတော့ ဆရာမက သူ့ကိုနောက်ရပ့်မလားဆိုပြီး ကြိမ်နဲ့ကို ပိုဆွဲတာ. . . ။

× × × × ×

ကြော် . . ။
ငယ်ဘဝအကြောင်းကလေး ပြန်တွေးရင်း နေခဲ့ရတဲ့နယ်လေးတွေ လွမ်းလိုက်တာ။ အဲဒီနေရာကလေးမှာ ကျွန်တော်တို့ နေတုန်းက လမ်းပန်း ဆက်သွယ်ရေးက အခုလိုမဟုတ်သေးဘူး။ တစ်ပတ်နေမှကားတစ်စီး အဝင်အထွက်ရှိတာ. . . ။

ဈေးမရှိဘူး။ သမဝါယမဆိုင်မရှိဘူး။ ရုပ်ရှင်ရုံမရှိဘူး။ ရွာမှာနေတဲ့ လူတွေက ကိုယ်စားချင်တဲ့အပင်ကိုယ်





စိုက်။ ကိုယ်စား ချင်တဲ့ကောင် ကိုယ်မွေးပဲ. . . ။

များသောအားဖြင့် ကြက်တွေ၊ ဝက်တွေ မွေးကြတာပေါ့. . ။

အောင်မာ. . ဝက်မွေးတာတောင် ဘယ်လိုမွေးလဲသိလား. . ။

အစာကျွေးရင် ဝက်ကြီးကျောကိုသပ်ပြီး. . .

"ဟော့ကောင်ကြီး. . စားထားနော့. . ၊ ဝအောင်သာစား၊ အေး. . နင်စားတုန်း ငါစိတ်မဆိုးဘူး. . ၊ အေး. . ငါစားရင်လည်း နင်ပြန်စိတ်မဆိုး ရဘူးနော့. . အေး. . ငါကျွေးတုန်း. . နင်. . ဝအောင်သာစားထား. . ."

အဲဒီလို. . . ။

အော်. . . အခုများ။ ကျွန်တော်က စာရေးဆရာဖြစ်လာတော့ ဧည့်ခံပွဲတွေ၊ စာပေဟောပြောပွဲတွေဖိတ်ပါတယ်။ ထမင်းလည်းကျွေးကြပါတယ်။ အဲဒါကို စိတ်မဆိုးဘူး။ ဒါပေမယ့် ကိုယ်စားနေတုန်း အလှူရှင်က ကျောလာသပ်ပြီး. . .

"အကြည်တော်ကြီး စားထားနော့. . ၊ ဝအောင်သာစား. . အားမနာနဲ့သိလား. . ."

လို့ အာလာပသလ္လာပ လာပြောရင်တော့ ကိုယ့်မှာ ရွာက ဝက်ကြီးပဲ ပြေးပြေးမြင်ပြီး ထမင်းနင်တယ်. . . ။

× × × × ×

ကျွန်တော်တို့ အဲဒီရွာစပြောင်း စကဆိုအရမ်းအံ့သြရတယ်. . ။

သွားရတာကကားနဲ့။ ရွာရောက်တော့ လာကြိုကြတယ်။

လာကြိုတဲ့သူက အဖေ့ကိုလည်းမြင်ရော. . .။

"ဟော့. . . ဆရာကြီး ဦးထွန်းနိုင်ဆိုတာမင်းလား. . ."

ဆိုပြီး အော်မေးတယ်။ လူကတော့လူရည်သန့်လိုပဲ။ မလေးရှားအကျီလိုဟာကြီးဝတ်ပြီး မျက်နှာချေတွေ ပွတ်ထားတယ်။

အဖေလည်း သူ့ကိုကြည့်ပြီး





ကြောင်တောင်တောင်နဲ့. . ။

"ဟုတ်ပါတယ်. . ၊ ကျွန်တော် ဦးထွန်းနိုင်ပါခင်ဗျာ. . "

ဟိုလူကြီးက ရင်ကော့ပြီး . . .

"အေး. . ငါမင်းကို လာကြိုတာကွ. . . ငါလည်းမြို့ ပေါ်ကဆရာကြီးတစ်ကောင် တို့ဆီကိုပြောင်းလာမယ်ဆိုလို့ လာစောင့်နေတာ . . . အော် အော် . . . ဆရာကြီးဆိုတာလည်းလူပဲကိုး . . . တို့ရွာကလူတွေနဲ့စကားပြောရင် ရိုင်းတယ်ဆိုပြီး စိတ်မဆိုးနဲ့နော်"

ဆိုပြီး တစ်ဆက်တည်းမှာပဲ. . .

"အေး. . မင်းမှတ်ထားရမှာက. . ၊ ဒီရွာမှာ ကျွန်တော် ကျွန်တော်နဲ့ပြောတတ်တာ ငါတစ်ယောက်တည်း ရှိတယ်ဆိုတာပဲ"

"ဟင်"

သူဆိုလိုချင်တာက တစ်ရွာလုံးမှာ သူအယဉ်ကျေးဆုံးပေါ့။

အဲဒါနဲ့ မပြီးသေးဘူး။ သူ့ဘေးမှာ လုံချည်ကြီးခေါင်းပေါင်းပြီး အကျီချွတ်နဲ့ ငုတ်တုတ်ထိုင်နေတဲ့ လူကြီးတစ်ယောက်ရဲ့အောက်တင်ပါးကို ခြေမနဲ့ကလော်ပြီး. . .

"ဟော့ကောင်. . သူကြီး . . . ဆရာကြီးကို နှုတ်ဆက်လိုက်ဦးလေကွာ"

အဲဒီထဲက အခြေအနေမကောင်းတော့ဘူးဆိုတာ သိသာတယ်။ တကယ့်တကယ်နေတော့လည်း သူတို့စိတ်ရင်းကိုသိပြီး ပျော်သွားလှတော့တာပဲ။

တစ်ယောက်နဲ့တစ်ယောက် ဘာအပြိုင်အဆိုင်မှမရှိဘူး . . ဘာအငြိုး ဘာအာဃာတမှမရှိဘူး . . . ချမ်းသာဆင်းရဲလည်းမရှိဘူး . . . အားလုံးက . . . ရှိရင်စား. . မရှိရင်မစားနဲ့. . ။ အပူအပင်မရှိဘူး။ ဒီလိုပဲနေကြတာကိုး. . . ။

တော်ဝင်မြို့မစာအုပ်တိုက်

**တစ်**လောက ရွာပြန်ရောက်ပါ. . . ။

လမ်းပန်း ဆက်သွယ်ရေးတွေကောင်း၊ အိမ်ကြီးယာကြီးတွေ ဖြစ်နေပြီ။ ဒါပေမယ့် ရွာကလူတွေရဲ့ စရိုက်ကမပြောင်းဘူး။

ကျွန်တော်တို့ အဲဒီရွာကလေး ကထွက်သွားတာ နှစ်ပေါင်း နှစ်ဆယ် ကျော်ပြီလေ. . . ။

ဒါပေမယ့် ကျွန်တော့်ကို တွေ့တာနဲ့. . . ။

''ဟော့ . . စောကြည်ဖြူ





ပြန်လာပြီလား. . "

နှုတ်ဆက်သံကြားတော့ အံ့အားသင့်သွားတယ်။ဆယ်နှစ်သားလောက်ကတည်းက ရွာကထွက်သွားတဲ့လူတစ်ယောက်ကို အသက်သုံးဆယ်အရွယ်မှ ပြန်မှတ်မိသတဲ့လား . . . ကျွန်တော့် စိတ်ထဲမှာ နှစ်နှစ်ဆယ်ဆိုတဲ့ ကာလမှာ ကျွန်တော့်ကို ဘယ်လို မှတ်မိနိုင်တော့မှာလဲနော့. . ။ ကျွန်တော့်ကို နှုတ်ဆက်နေသူကို တောင် ကျွန်တော်မသိဘူး။ ဒါနဲ့ပဲ သိချင်စိတ်နဲ့. . .

"ကျွန်တော့်ကို မှတ်မိနေသေးတယ် ဟုတ်လား. . . "

ဆိုပြီး မေးကြည့်တော့၊ အဲဒီလူက. . .

"မှတ်မိတာပေါ့ကွာ. . ၊ ဒီရွာကထွက်သွားတာ မင်းတို့မိသားစုနဲ့၊ သေသွားတဲ့ ဦးကာတင်၊ ဒေါ်လှမြိုင်၊ ဒေါ်ကြာစိနဲ့ သုံးလုံးတို့ရှိသေးတာ. . "

ရွာလေးက အဲဒီလောက်ထိ အဝင်အထွက် ကင်းတုန်းပဲ။

× × × × ×

ဒီမှာတင် သူငယ်ချင်းတွေနဲ့ဆုံပြီး ထန်းရည်သောက်ဖြစ်ကြတယ်။ ထန်းရည်ကျည်တောက် တစ်ဝက်ကျိုးလောက်မှာ သူငယ်ချင်းတစ်ယောက်က စပြောတယ်. . .။

"ဟိုဘက်ရွာမှာ အလှူရှိတယ်ကွ။ အိုင်စခင်တိုက်တာ မောင်"

သူငယ်ချင်းစကားကျွန်တော် ရုတ်တရက်နားမလည်ဘူး။အိုက်စခင်၊ ဘာလဲ အိုက်စခင်. . .။ ကျွန်တော် မကြားဖူးဘူး ဖြစ်နေတယ်။ ဒါနဲ့ပဲ။



"ဘာလဲကွ. . အိုက်စခင်ဆိုတာ၊ အဲဒီအစားအသောက်မျိုးငါ မကြားဖူးပါဘူး. . ."

ဆိုတော့ ဘေးနားကသူငယ်ချင်းက. . .

"အာ. . ဒီကောင်ဘိုလိုပြောချင်နေတာ၊ မပြောတတ်လို့. .၊ အိုက် စခင်ဆိုတာ ဘာမှမဟုတ်ဘူး၊ ဖာလူဒါကို ပြောတာ. . ."

သူပြောမှ ပိုရှုပ်သွားတယ်။ အိုက်စခင်နဲ့ ဖာလူဒါ ဘယ်လိုဆက်စပ်နေတယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး။ ဒါနဲ့ဟိုဘက်ရွာအလှူကိုသိချင်စိတ်နဲ့ စုံစမ်းကြည့်တော့ ဟိုကတိုက်လွှတ်လိုက်တာက ဘာမှမဟုတ်ဘူး။

"စပါကလင်ကြီး"

× × × × ×

**ငယ်**စဉ်က အဲဒီလိုရွာကလေးတွေမှာ နေခဲ့ရတော့ မြို့စာတွေကို မသိဘူး။ ဘာတွေစားရမှန်းလဲ မသိဘူး။ ကျွန်တော်တို့ကလည်း အဖေ နဲ့ လိုက်နေတော့ အဖေက အမဲသားချည်း ပြုတ်ကျွေးတာ။ မှတ်မှတ်ရရ အမဲသားချည်းပဲ ခြောက်နှစ်၊ တစ်ရက်မှမပျက်မကွက် စားခဲ့ဖူးတယ်။

မုန့်ဖိုးလည်း တစ်ခါမှ မရဖူးဘူး။

အမဲသားကိုလည်း အဖေက





မချက်တတ်တော့ နေ့တိုင်းပြုတ်ကျွေးတယ်. .။ အဲဒါကြောင့်ထင်တယ်။ ကျွန်တော့်အဖေကလူကောင် တန်တန်။ အမေက လူကောင်းသေးသေး. .၊ မွေးထားတဲ့သားသမီး အားလုံး ခြောက်ပေတန်းတွေချည်းပဲ။ အစ်မ မချောတောင် ငါးပေငါးလက်မ။ ကဲ. . . အကောင်မကြီးလား။ အမဲသားပြုတ်တန်ခိုးတွေလေ. . .။

အဲဒါကြောင့် ကျွန်တော်တို့ အတော်အသက်ကြီးတဲ့အထိ ဘာ သွားရည်စာမှ မစားဖူးဘူး။ ဘယ်လောက်ထိလဲဆို တစ်ခါက အဖေကျွန်တော်တို့ကို မြို့ခေါ်သွားတယ်။ အဲဒီတုန်းက ကျွန်တော်က ခြောက်နှစ်သား . . . , ကျွန်တော့်ညီက လေးနှစ် . . .။

× × × × ×

မြို့အဝင် လက်ဖက်ရည်ဆိုင်လေးမှာ ကားခဏရပ်တော့ ကျွန်တော်နဲ့အဖေက အပေါ့အရင်သွားတယ်။ ကျွန်တော့်ညီ မောင်မောင် (မီရာမိုရ်)က ဗိုက်ဆာနေပြီဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ကျန်ခဲ့တယ်။ ဒါကို အဖေက. . .

"မောင်မောင်. . ၊ ဗိုက်ဆာနေရင် လာချတာအကုန်သာစားထားနှင့်. . ၊ ဖေတို့ပြန်ထွက်လာမယ်. . ."

ဆိုပြီး မှာသွားတယ်။ ဟို





ကောင်ကလည်း လာသမျှအကုန်ဝါးမယ်ဆိုတဲ့ရုပ်နဲ့ ထိုင်ကျန်ခဲ့တယ်။

သိပ်မကြာဘူး။ ကျွန်တော်တို့ အပေါ့အပါးသွားပြီး ပြန်ထွက်လာတော့ ငတိတစ်ခုခုကို စဝါးနေပြီ။ စားပွဲပေါ်မှာလည်း ချထားတဲ့မုန့်ဘာမှ မတွေ့ရဘူး။ ပါးစပ်ထဲကြည့်တော့ ဖြူဖြူ၊ ဖြူဖြူနဲ့ ညက်အောင် အားတင်းဝါး နေရပုံရတယ်။ မျက်လုံးမှိတ်သည်အထိ အံကြိတ်လို့. . ။ ဒါနဲ့ ကျွန်တော် မေးကြည့်တာပေါ့. . . ။

"မောင်မောင်. . . ဘာတွေဝါးနေတာလဲ. . ."

ဆိုတော့ ကျွန်တော့်ညီ မောင်မောင်က. . .

"မသိဘူး. . ၊ စားပွဲပေါ်လာချတာ ဝါးနေတာပဲ. . ."

"ဘာအရသာရှိလဲ. . ."

ကျွန်တော့်အမေး။ ငတိက မျက်မှောင်ကြုတ်ပြီး. . .

"မသိဘူး. . ၊ ဘာအရသာမှတော့ မရှိဘူး။ ဒါပေမယ့် အေးတေးတေးနဲ့ မွှေးတေးတေးကြီး. . ."

သူ့စကားကို ဘေးနားရှိနေတဲ့အဖေက. . .

"ပြကြည့်စမ်း. . ၊ ပါးစပ်ဟကြည့်စမ်း၊ ဘာလဲလို့အဖေကြည့်မယ် . . ."

ဆိုတော့ ငတိက ပါးစပ်ဟပြတယ်။ အဲဒါတော့မှ အဖေက. . .

"အေးတေးတေးနဲ့ မွှေးတေးတေးကြီး ဖြစ်မှာပေါ့. . ၊ မင်းက စနိုးတာဝါကြီး ကောက်ဝါးနေတာကိုး. . . ။ အဲဒါ မျက်နှာသုတ်ဖို့ ချပေးထားတာ. . ."

ဆိုမှမောင်မောင်က သွားဖြဲကြီးနဲ့ ဖင်ကုတ်ခေါင်းကုတ်လုပ်ပြီး. . .

"မသိဘူးလေ. . ၊ ချပေးတာအရင်ဝါးထားဆိုတာနဲ့ ကောက်

ဝါး နေတာ. . . "

ဆိုပြီး ပါးစပ်ထဲက စနိုးတာဝါထုတ်ပြီး မျက်နှာအရှက်ပြေ ပြန်သုတ်နေသေးတယ်။ ဒီတော့မှ အဖေကဆိုင်ဘက်လှည့်ပြီး. . .

"ဟော့. . ဒီမှာ၊ ငါ့သားတွေစားဖို့ မုန့်အစုံချကော်ဖီပါချပေး စမ်း"

ဆိုတော့မှ ဆိုင်ကလည်း မုန့်အစုံကို ချတော့တာ။ မုန့်ဖက်ထုပ်လည်းပါတယ်။ ပေါက်ဆီလည်းပါတယ်။ ကော်ပြန့်လည်းပါတယ်။ ဘိန်းမုန့် လည်းပါတယ်။ ကိတ်မုန့်လည်း ပါတယ်။ မုန့်ဆီကြော်လည်း ပါတယ်။

လာချသမျှ မုန့်အားလုံးကို ခုနအေးတေးတေးနဲ့ မွှေးတေး တေး ကြိုးဝါးနေတဲ့ ကျွန်တော့်ညီက မျက်လုံးပြူးကြီးနဲ့လိုက် ကြည့်နေ တယ်။ အတော်ကြာမှ အသံကျယ်ကျယ်နဲ့မေးတယ်. . . ။

"ဖေ့. . ဒီထဲမှာ ကော်ဖီဆိုတာ ဘယ်မုန့်လဲ. . "

သူ့အသံလည်းကြားရော တစ်ဆိုင်လုံး ဝါးခနဲဝိုင်းရယ်ကြ တယ်။

အဲသည်လောက်ထိ တုံးတာ။ ကော်ဖီဆိုတာတောင် ဘယ်မုန့် လဲ မေးရလောက်အောင်ကို မသိကြတာ။ အေးလေ. . ကိုယ်မှမစား ဖူးမသောက်ဖူးဘဲကိုး. . . ။

အဲ. . . ဒါပေမယ့် ထန်းရည်ကျတော့ သိသဗျ. . ။

× × × × ×





ငထွတ်တန်းတယ်ဆိုတာ ကြား ဖူးလား. . . ။

အဓိပ္ပာယ်မသိ ဖြစ်နေလိမ့် မယ်. . . ။

အမှန်တော့ ဘာမှမဟုတ်ဘူး ဗျ. . . ။

ငထန်းတွတ်တာကို ပြော တာ၊ ငထန်းတွတ်တယ်ဆိုတာလည်း ဘာမှမဟုတ်ဘူး၊ ထန်းရည်သောက် တာဗျ။ ဒါပေမဲ့ ကျုပ်တို့ဘက်မှာတော့ ငထွတ်တန်းတယ်ဆိုတာ ခေတ်အစား

သားကလား။ ငထွတ်တန်းတယ်ဆို လူတိုင်း ထန်းရည်တွတ်မယ် ဆိုတာ သိတယ်။ ကျွန်တော်တို့လည်း သောက်ခဲ့ဖူးတယ်။ ကြိုက်လည်း ကြိုက်တယ်။ ကျွန်တော့်အစ်ကို ကိုစျာန်တစ်ယောက်ဆို ထန်းရည် ဘယ်လောက် ကြိုက်တယ်မှတ်လဲ မြန်မာ့အသံမှာလာတဲ့ မြန်မာ့ အစာနဲ့ အာဟာရအခန်းမှာ ထန်းရည်အကြောင်းဘယ်တော့မှမလာ လို့ဆို ပြီးစိတ်များတောင် ကောက်သေး။ ဟုတ်တယ်လေ။ သူပြောမှ သိရတာ။

ထန်းရည်ဆိုတာ ဝမ်းမီးကို အလွန်ငြိမ်းစေသဗျ။ ဆီးမှန် တယ်၊ ဝမ်းမှန်တယ်၊ ဆောင်းရာသီမှာ ထန်းရည်သာ မှန်မှန်သောက်၊ အသားတောင် မပတ်ဘူးဗျ။ အဲသည်လောက်ထိ သွေးလည်ပတ်မှုကို မှန်ကန်စေတယ်။ ဒါတင်ပဲလား၊ မဟုတ်သေးဘူးဗျ။ ကျောက်ကပ် ရောဂါကိုလည်းနိုင်တယ်။ မယုံလို့လား၊ သောက်ကြည့် တကယ်ပြော တာ။ ထန်းရည်က တခြားအရည် မျိုးနဲ့ မတူဘူး။ ဆီးအလွန်သွားတာ။ ကိုယ်သောက်သလောက် သူကအားလုံး ပြန်သွားပစ်တော့တာကိုး။ မယုံသောက်ကြည့်၊ ထန်းရည်သမားရဲ့ဆီးဟာ ထန်းရည်နံ့ ပြန်ထွက် တယ်။ ဒါကြောင့် သူ့အလိုလိုနေရင်း ကျောက်ကပ်ကို ဆေးပြီးသား ဖြစ်သွားရောတဲ့ ကျွန်တော့်အစ်ကို ကိုစျာန်ပြောတာ။

ကျွန်တော်ကိုယ်တိုင် ကျောက်ကပ်တစ်လုံး ရပ်ဖူးတယ်။ ပါရဂူတွေက ဆေးရုံတက်ပြီး ခွဲခိုင်းတယ်။ ပိုက်ဆံကလည်းမရှိ၊ ဆေးရုံ ကလည်း မတက်နိုင်တာနဲ့ စိတ်ဓာတ်ကျပြီး နယ်ပြန်သွားခဲ့ရတယ်။ အိမ်တောင်မရောက်ဘူး ပြန်ကောင်းသွားပြီ။ အိမ်ပြန်နေကျလမ်းမှာ ထန်းတဲကြီးရှိတာကိုး။ ထန်းတဲရှိရင် ကိုစျာန်ရှိနေပြီပဲ . . . ကိုစျာန်ရှိ နေရင် ကောင်းပေ့ဆိုတဲ့ထန်းရည်ကရှိနေပြီ . . . ဆိုတော့ကာ . . . ကိုစျာန်က . . .





"ဟကောင်ကြီးရ . . . ဝင်ဆွဲသွားပါဟ . . . ကျောက်ကပ် လောက်ကတော့ ဆေးကုဖို့တယ်မလိုပါဘူး . . . ထန်းရည်နဲ့တင် ကောင်းပါတယ် . . . လာ ရှိန်းတယ်ကွ . . ."

ဆိုတော့ ကျွန်တော်လည်းစိတ်ညစ်ညစ်နဲ့ ထန်းရည်နှစ်ခွက် ဝင်ချထည့်လိုက်တာ ရပ်နေတဲ့ကျောက်ကပ် ချက်ချင်းဗလောင်ဆူပြီး ပြန်ခုတ်တော့တာ။ သွားလိုက်တဲ့ဆီး၊ တဒီးဒီးနဲ့ ရေကာတာကျိုးတယ် တောင် မှတ်ရတယ်။

တစ်လလောက်နေပြီး ရန်ကုန်ပြန်လာတော့ ပါရဂူတွေနဲ့ ပြန်စစ် သေးတယ်။ ဘာရောဂါမှမရှိတော့ဘူး။ အသားလေးဖြူဝင်းပြီး နုများတောင်နေသေး။ ထန်းရည်က ဝက်ခြံလည်း မထွက်ဘူးဗျ။ (ဟယ် . . . ပြောရင်းတောင် သောက်ချင်လာပြီ) ထန်းရည် အကြောင်းပြောရရင် ကုန်မှာမဟုတ်ဘူး။ ဒီတော့ တစ်ခွက်တလေ သောက်ကြည့်ဖို့ အကြံပေးပါတယ်။ များရင်တော့ ဘယ်အရာမဆို မကောင်းဘူးပေါ့။ (တန်ဆေး . . . လွန်တော့လည်း . . . အင်း . . . တယ်ကောင်း၊ အဲ . . . လွန်ဘေးလေ၊ တောက် . . . အမှည့်ဟ)

ကျွန်တော်တို့ ငယ်ငယ်တုန်းက ထန်းရည်သိပ်သောက်ချင် တာ။ အကျင့်မကောင်းပုံ ပြောပါတယ်။ ကိုယ့်ကိုလည်း ထန်းတက်တဲ့ လူတွေက သိနေတော့ ထန်းရည်မရောင်းဘူးဗျ။ မသိရင်တော့ ရောင်းမှာပဲ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ကလေးကတည်း က မျက်ခွက်လေးတစ်ကွက်တင် ကွက်အိုနေတာ။ မွေးကတည်းက ကျွန်တော့်ကိုမွေးပေးတဲ့ ဝမ်းဆွဲဆရာမကတောင် အဘိုးကြီး တစ်ယောက်က မွေးခန်းထဲ ဝင်နောက်နေတယ်ထင်ပြီး စိတ်ဆိုးဖူး သေးဆိုပဲဗျ။ မွေးကတည်းက အဲလိုကိုအိုတာ။ ဒါနဲ့ပဲ သူငယ်ချင်းတွေ ဖြစ်တဲ့ ကိုဇော်တို့၊ မောင်အေးသိုက်၊ ကျော်ကျော်၊ မင်းမင်း

အမြှာညီအစ်ကို တွေနဲ့ တိုင်ပင်တယ်။ ဒီလောက် မရောင်းတဲ့ ထန်းရည် ခိုးသောက်ကြမယ်ဆိုပြီး။

အားလုံးကလည်း စိတ်တူကိုယ်တူတွေဆိုတော့ အလုပ်ကဖြစ်ကြပါလေရောလား။

အဓိက ပစ်မှတ်ထားတာက မွန်အဘိုးကြီး ဦးထောပိုင်ထန်းတောကိုဗျ။

ဒီလူကြီးရဲ့ထန်းရည်က သိပ်ကောင်းတယ် ဆိုပါရောလား။ သူ့ဆီမှာ ထန်းရည်မှာရင် တစ်နွေစာမှာရတယ်။ အဲဒီလိုမှာထားတဲ့ လူတွေကိုပဲ ရောင်းတယ်။ မှာမထားတဲ့လူဆို မရောင်းဘူး။ တစ်နေ့ နှစ်ကျည်တောက်ဆို နှစ်ကျည်တောက်၊ တစ်နွေလုံးစာ မှာထားရတာ။ မှာမထားရင် ဘယ်လောက် သောက်ချင်သောက်ချင် နိုးပဲ. . . ဧည့်သည်အာဂန္တုလည်း . . နိုးပဲ . . . . ။

**အဓိက ပစ်မှတ်ထားတာက မွန်အဘိုးကြီး ဦးထောပိုင်ထန်းတော**

ဒါတောင် သူကြိုက်တဲ့ ထန်းပင်ရှိသေးတယ်။ ထန်းတောအစွန်မှာ။ အဲဒီထန်းပင်က ထန်းရည်ဆို ဘယ်သူ့မှ မရောင်းဘူး။ သူပဲသောက်





တယ်။ သူထန်းတက်ပြီဆိုရင် အဲဒီထန်းပင်အရင်သွားတယ်။ အဲဒီအပင်က ထန်းရည်ကို အောက်တောင်ယူမချဘူး။ အပင်ပေါ်မှာပဲ အပြီးသောက်လိုက်တယ်။ ပြီးမှကျန်တဲ့ထန်းပင်တွေ လျှောက်တက်တော့တာ။ သူ့ထန်းပင်ကထန်းရည်ဆို တစ်ခါမှပိုတယ်မရှိဘူး။ သူသောက်ဖို့ ကွက်တိချည်းပဲ။

ကျွန်တော်တို့အဖွဲ့ကလည်း အဲဒီထန်းပင်က ထန်းရည်ကိုပဲ စိတ်ဝင်စားတာ။ ဒီလောက်ကောင်းတဲ့ထန်းရည် သောက်ဖူးတယ်ရှိအောင် သောက်ဦးမှဆိုပြီး။

ဒီလိုနဲ့ ဆောင်းဦးတစ်နေ့ကျတော့ ကျွန်တော်တို့အဖွဲ့ မနက်အစောကြီးထပြီး အားကစားလုပ်သလိုလို ဘာလိုလိုနဲ့ လူအလစ်စောင့်ကြည့်ပြီး လစ်လည်းလစ်ရော အပင်တက်အိပ်စပတ်ကိုဖော်က ဘုတ်ဘတ်ဘုတ်ဘတ်နဲ့တက်သွားတယ်။ ပြီးကျတော့ မွန်အဘိုးကြီးဦးထောပိုင် တစ်သက်လုံးဘယ်သူ့ကိုမှ မရောင်းပါဘူးဆိုတဲ့ ထန်းရည်ကျည်ထောက်ကြီးဆွဲလို့ ပြန်ဆင်းလာတယ်။ သူ့ထန်းရည်တွေ အကုန်သောက်ပစ်လိုက်တယ်။ တောက်. . ချို. . လိုက်တာ. . . ရှိန်းတာကလည်း စပရိုက်ထက်တောင် ရှိန်းသေး။ ရီတီရီတီနဲ့ပေါ့ဗျာ။ ဟယ်. . သောက်တောင် သောက်ချင်လာပြီ။ ပြီးတော့ ကျည်တောက်ကိုပုံမပျက် ထန်းပင်ပေါ် ပြန်ချိတ်ထားတယ်။ မွန်အဘိုးကြီးက အချိန်ကျတော့ ထန်းပင်လာတက်တယ်။ ထန်းပင်ပေါ်လည်းရောက်ရော ကျည်တောက်ကိုအားရပါးရ မလိုက်တာကကောင်းလို့ထန်းပင်ပေါ်က ပက်လက်လန်ကျတော့မလို့။ သူ့ထန်းပင်က ထန်းရည်မတွေ့တော့ ရုတ်တရက်သူတော်တော်ကြောင်သွားတယ်။ နောက်. . . တော်တော်ကြာကြာစဉ်းစားနေပြီးမှ တစိမ့်စိမ့်နဲ့ ဒေါသွန်လာတယ်။ နောက်. . . ဆဲတာ မိုးကိုမွှန်ရော။ သူဆဲလေ

ကျွန်တော်တို့ ကျိတ်ရယ်လေပဲ။ ရီဝေဝေနဲ့။ လေမျှားတောင် တက်နေသေး . . . အေ့ခနဲ။ အင်း . . . တယ်ကောင်း။

နောက်နေ့လည်း အဲလိုပဲ. . .။ အစောကြီးထ မွှန်အဘိုးကြီး အလစ်ချောင်းပြီး၊ သူ့ထန်းရည်တွေ ခိုးသောက်ပစ်။

ထုံးစံအတိုင်း မွှန်အဘိုးကြီး ထန်းပင်တက်တယ်။ ထန်းရည် မတွေ့တော့ အံ့အားသင့်တယ်။ ပြီးတော့ မိုးမွှန်နေအောင်ဆဲ။

နှစ်ရက်သုံးရက် လေးရက်ရဲ့ မနက်ခင်းမှာ မွှန်အဘိုးကြီးရဲ့ ဆဲသံဟာ . . . စံတော်ချိန်ကျနေတာပဲ အချိန်ကိုမှန်လို့ ။ ကျွန်တော်တို့ လုပ်တာကလည်း ပိရိတော့ သူဘယ်လိုမှ ဖမ်းမမိဘူး။ ဒါနဲ့ပဲ. . .

“ထန်းရည်ခိုးသောက်တဲ့ ကောင်တွေ၊ ဒီတစ်ခါသောက်ရဲ သောက်ကြည့်. .၊ ငါ့အကြောင်းသိမယ်. .၊ ထောပိုင်တဲ့နော်၊ ကမာဝက်သားကွ၊ ဒီတစ်ခါ ခိုးသောက်ရဲတဲ့ကောင် သောက် ကြည့် . . . ထန်းရည်ထိ ခားကြည့်ပဲ . . .”

စသဖြင့် ခားတယမ်းယမ်းနဲ့ ကြိမ်းဝါးပါလေရော။ ကျွန်တော်တို့ကလည်း သိတဲ့အတိုင်းခိုးရယ်တာပေါ့။

“နောက်နေ့ သောက်ရဲတဲ့ကောင် သောက်ကြည့်. . .၊ ငါ့အဆိုး မဆိုနဲ့. . .”တဲ့။

ဒါမျိုး ဘယ်ရမလဲ။ လူလေးတွေကလည်း သိုးဖော်ဝင်စ ဆိုတော့ . . . ချို စမ်းချင်တဲ့အရွယ်မလား . . . လူကြီးတွေကိုထိမ ထင်တဲ့အရွယ် . . . ကပ်လာရှင် ပခုံးချင်းယှဉ်ချင်တဲ့အရွယ်တွေ ကိုး. .။သူစိန်ခေါ်လေ ကိုယ်စမ်းချင်လေမို့ နောက်နေ့မနက် အစောကြီးထပြီး သူ့ထန်းရည်ကျည်တောက် ဖြုတ်ပြီးချလာတယ်။ ပြီးတော့ ငါးယောက်သား စိတ်ပြေနပြေ ထိုင်သောက်လိုက်တယ်။

“ဟား . . . တယ်ခါးပါလား . . .”





ဒါနဲ့ မသင်္ကာတာနဲ့ပဲ. . .

“ဟေ့ကောင်. . ကိုဇော်၊ ထန်းရည်က ခါတိုင်းနဲ့မတူဘူးနော်၊ ဒီနေ့ ပိုခါးနေသလိုပဲ. . .”

“ဒါမှ ထန်းရည်အစစ်ကွ၊ ထန်းရည်ဆိုတာ ဒီလိုခါးနေမှ ပိုကောင်းတာ. . . အရသာကိုတင်းနေတာပဲ . . .”

“မဟုတ်သေးဘူးနော်. .”

“ဘာလို့ မဟုတ်ရမှာလဲကွ. .၊ ပေးစမ်း၊ မင်းတို့မသောက် ရင် ငါသောက်မယ်. . .”

ဆိုပြီး ထန်းကျည်တောက်ကို ဂွပ်ဂွပ်ဂွပ်ဆိုပြီး သောက် ချလိုက်တယ်။ သူ့မျက်နှာက ထန်းရည်အစွမ်းနဲ့ ချက်ချင်းရဲတက် လာတယ်။ ထန်းရည်က မကုန်ဘူး။ ဒါနဲ့ သူ့ကျည်တောက်ယူပြီး. . .။

“ကဲပါကွာ. .၊ ငါတို့လည်း ဝိုင်းသောက်ပါမယ်. .”

ဆိုပြီး ငါးယောက်ယောက်သား မျှသောက်လိုက်တယ်။ ဟုတ်တယ်. . သိသာတယ်၊ ထန်းရည်က အောက်ခြေရောက်လေ ပိုပြီး ပျစ်ခဲပြီး ခါးလာလေပဲ။ ဒါကို မရရအောင်မျိုချရတယ်။ အောင်မာ. . . ကိုဇော်က ထန်းရည်ကျည်တောက်မှာ ကပ်နေတဲ့ဂျိုး ပါ ခွာစားခဲ့သေး . . . ပြောသားပဲသိုးစလေးတွေဆို . . .။

“ကောင်းကွာ. .”

ဆိုသေးတယ်။

သိပ်မကြာဘူး အစွမ်းက ပြလာတယ်. .။

လူက ရိပ်တိတ်ရိပ်တိတ်နဲ့ ဘာမှသိပ်မမြင်ရတော့ဘူး။ သတိကလည်း လွတ်တစ်ချက် မလွတ်တစ်ချက်နဲ့. . .။

ဒီလိုနဲ့ နေပူလို့ဆိုပြီး ဘုန်းကြီးကျောင်းဘေးဝင်ခွေနေလိုက် တယ်။ ဆယ့်ငါးမိနစ်လောက်ပဲ. . . ကိုဇော် ရုတ်တရက်ထပြီး

အော်ပါလေရော. . .။

“မင်းတို့ ဘယ်သူတွေလဲ. . ”

သူ့မျက်လုံးက ပြူးကြောင်ပြီးအရောင်လက်နေတယ်။ အဲဒီတော့မှ ကျွန်တော်တို့လည်း ပြန်စဉ်းစားမိတယ်။

“ငါတို့ ဘယ်သူတွေလဲ. . ”

ရုတ်တရက် စဉ်းစားလို့မရဘူး။ အဲဒီအချိန်မှာပဲ ဟိုအမြွှာနှစ်ကောင် ကျော်ကျော်နဲ့မင်းမင်းက ဘာဖြစ်လို့လဲမသိဘူး။

“မားပြတွေဗျို့. . . မားပြတွေ၊ ကျွန်တော်တို့ကို မားပြတိုက်နေတယ်၊ ကျွန်တော်တို့ အဝတ်အစားတွေကို ချွတ်ယူနေတယ်. . . ”

ဆိုပြီး အဝတ်အစားတွေချွတ်ပြီး ထပြေးပါလေရော။ သူပြေးတော့ ကိုယ်လည်းပြေးပေါ့။ မောင်အေးသိုက်လည်း တန်းလန်းတန်းလန်းနဲ့ ပြေးနေတယ်။ တန်းလန်းမှာပေါ့. . . ပုဆိုးမှမပါပဲ။ အဲဒီတော့မှ ကမ္ဘာပျက်သလို ဖြစ်သွားတော့တယ်။ ရွာထဲကလူတွေကလည်း ကျွန်တော်တို့လေးယောက်ကို လိုက်ဖမ်းကြတယ်။ ဖမ်းမိတော့လည်း ဘာဖြစ်လို့ဖြစ်မှန်းမသိဘူး။ ဗရွတ်ရွတ်တတွေအော်နေတယ်။ အဖေအမေတွေလည်း ဘာလုပ်ရမှန်းမသိကြတော့ဘူး။ ဒီအတိုင်း ဖမ်းချုပ်ထားရတယ်။ နောက်တော့မှ ကိုဇော့်အမေက. . .

“မနေ့ကအကောင်းကြီးကနေ . . . ဒီလောက်ပြင်းထန်တဲ့ရောဂါဖြစ်လာတာဆိုတော့ . . . ကြောက်စရာရောဂါဆိုးတွေလားမသိဘူး . . . ”

“ဒီကောင်တွေ ဆေးခန်းပို့မှဖြစ်မယ်. . . ”

ဆိုပြီး ဆေးခန်းကို ဖမ်းချုပ်ပြီးခေါ်သွားကြတယ်။ ဆေးခန်းရောက်တော့ လေးယောက်လုံး ကိုယ်တွေခြစ်ခြစ်တောက်ပူပြီး ကြောင်စီစီတွေ ဖြစ်နေတယ်။ စကားတွေလည်း ကယောင်ကတမ်းနဲ့ ဘာပြောလို့ ပြောနေမှန်းမသိဘူး။

ကိုဇော်ဆို သူ့အမေနဲ့ ဆရာဝန်ကို ပေးစားနေတယ်။ ကျွန်တော်ကလည်း ဆရာဝန်ခေါင်းကို အုန်းသီးဆိုပြီး ခွဲမယ်လုပ်နေ တယ်ဆိုပဲ။ ကျော်ကျော်နဲ့ မင်းမင်းကတော့ ဆရာဝန်ကသူတို့ကို ဆေးထိုးအပ်ကြီးနဲ့ မားပြတိုက်နေတယ်ဆိုပြီး အော်နေတုန်း။ ဆရာ ဝန်ကလည်း လေးယောက်လုံးကောက်ကာငင်ကာဖြစ်တော့ ဘာရောဂါမှန်းမသိဘူး။ ဒါနဲ့ပဲ. . .။

“ကောင်းလို ကောင်းငြား၊ ဆေးတော့ ထိုးပေးလိုက်မယ်။ ဒါပေမဲ့ ဒါမျိုးကကျွန်တော့်ကိစ္စမဟုတ်ဘူး. . . ”

ဆိုပြီး ဆေးတစ်ယောက် တစ်လုံးစီ ထိုးပေးလိုက်တယ်။ ဆရာ ဝန်ဆီကပြန်လာတဲ့အထိ ကျွန်တော်တို့ လေးယောက်လုံး ကပေါက်တိကပေါက်ချာတွေအော်နေတုန်းပဲ။ ဒီလိုပဲ ရမ်းတမ်းရမ်းတမ်းတန်းလန်းတန်းလန်းနဲ့။ ဒါကို ကိုဇော့်အမေကပဲ. . .

“ဆရာဝန်ကိစ္စမဟုတ်ရင်

စက္ကူအဖြူ တစ်ရွက်ယူပြီး မြေမှုန့်ဖြူးချလိုက်တာ စာရွက်ပေါ်မှာဘီလူးရုပ်ကြီး ပေါ်လာပါလေရော။





တော်ဝင်မြို့မစာအုပ်တိုက်

ပယောဂဆရာကိစ္စပဲ ဖြစ်လိမ့်မယ်။ လာ. . ပယောဂဆရာဆီပို့မယ် . . . ”

ဆိုပြီး ပယောဂကုဆရာဆီ ခေါ်သွားတယ်။ ဟိုရောက်တော့အဟုတ်ဗျ။ ပယောဂဆရာက စက္ကူအဖြူ တစ်ရွက်ယူပြီး မြေမှုန့်ဖြူးချလိုက်တာ စာရွက်ပေါ်မှာဘီလူးရုပ်ကြီး ပေါ်လာပါလေရော။ ဘီလူးရုပ်မြင်တော့ အားလုံးအံ့အားသင့်နေကြတယ်။ ပယောဂဆရာက မြိန်မြိန်ကြီးခေါင်းညိတ်ပြီး. . . ။

“မြေဖုတ်ဘီလူးဝင်စီးတာဗျ. . ၊ မြေဖုတ်ဘီလူးဆိုတာ မြေမှုန့်ဖြူးတာနဲ့ တန်းပေါ်လာတာပဲ. . . ဒီကောင်တွေ တောထဲတောင်ထဲ မြေဖုတ်ဘီလူးမကြိုက်တာ ဘာသွားလုပ်တယ်မသိဘူး”

ဆိုတော့ အားလုံး လန့်ကုန်တယ်။ ဒါနဲ့ ကတုန်ကရင်နဲ့ပဲ

“ဒါ. . ဒါဆို ဘယ်လိုလုပ်ရင် ကောင်းမလဲဆရာ. . . ”

ပယောဂဆရာက. . . အေးဆေးပါဆိုတဲ့ စတိုင်နဲ့မျက်လုံးတစ်ဖက်တည်း ကွက်မှေးပြီးပြုံးပြတယ် . . . တည်ကြည်တဲ့လေအေးလေးနဲ့ ပြောလိုက်ပုံက . . .

“ကြိမ်နဲ့ဆွဲရမှာပေါ့. . . ၊ ပြောနေကြာတယ်၊ ဒီပုဆိုးကျွတ်ကောင်တွေကို. , . ဖင်ကုန်းခိုင်းစမ်း. . . ”

စိန်ပြေနပြေလည်းဖင်ကုန်းပြီးရော. . ကြိမ်လုံးကြီးယူပြီး အပီဆွဲတာ၊ သူ့ကြိမ်လုံးကလည်း သုံးနှစ်ကလေးလက်ကောက်ဝတ်လောက်ရှိတာကိုးဗျ . . တင်ပါးဆုံနဲ့ ကြိမ်လုံး ဖူးစာဆုံတဲ့ အသံကြီးက

“ဖြောင်း. . ဖြောင်း” နဲ့

မြိန်စရာကြီး။ လူကလည်း လျှာတွေကိုထွက်လို့။ ပယောဂဆရာ လက်အန်သေသွားတယ်။ မြေဖုတ်ဘီလူးက မထွက်ဘူး။ ပယောဂဆရာလည်း ဘာလုပ်လို့လုပ်ရမှန်း မသိဘူးဖြစ်နေပြီ။





ပရိတ်ရေလည်းတိုက်ပြီးပြီ။ အထက်ဆရာပင့်ပြီး မောင်းထုတ်ခိုင်းပြီးပြီ။ အကြမ်းနည်းနဲ့လည်း ကြိမ်နဲ့ဆွဲပြီးပြီ။ ကျွန်တော်တို့လေးယောက်လုံးက ဒုံရင်းကဒုံရင်းပဲ။ အော်လို့ဟစ်လို့ကောင်းတုန်း။ ဒီတော့မှ ပယောဂဆရာက. . . ။

“ကျွန်တော်မနိုင်ဘူးဗျ. . . ဒီမြေဖုတ်ဘီလူးက ကျွန်တော့်ထက်စွမ်းနေပြီ၊ ဒီတော့ဟိုရွာဘက်မှာ ကျွန်တော့်ဆရာရှိတယ်. . ၊ သူ့ဆီသာ အမြန်ခေါ်သွားပေတော့. . အရောက်မမြန်ရင် ဒီကလေးတွေအသက်မီမှာ မဟုတ်တော့ဘူး. . . ”

ဆိုတော့ အားလုံးမျက်လုံးပြူးသွားကြပြီး မောင်အေးသိုက်တို့အမေက

“အောင်မလေး. . . အဖြစ်ဆိုးလှချေလား. . . သားရဲ့”

ဆိုပြီး ထငိုရော။ လူတိုင်း နွားလှည်းငှားတဲ့လူငှား၊ ပုခက်ဆင်တဲ့လူဆင်နဲ့ ယောက်ယက်ခတ်ကုန်ပြီ။ ဘယ်ကစဘယ်လိုလုပ်ရမှန်းမသိတော့ဘူး။ နောက် လူငါးယောက်ရဲ့အသက်ကိစ္စလေ။ အကုန်ပြာတောက်ကုန်တာပေါ့။ အဲဒီတုန်းမှာ ကျွန်တော်တို့နား ဖြတ်သွားတဲ့ကိုယ်တော်တစ်ပါးက. . . ။

“ဟော့. . ဘာဖြစ်နေကြတာလဲ. . ”

ဆိုပြီး ဝင်လာတယ်။ ဒါကို ကိုဇော့်အမေက ဒီကလေးငါးယောက် တောထဲသွားပြီး မဖွယ်မရာလုပ်လာလို့ မြေဖုတ်ဘီလူးဖမ်းစားထားကြောင်း မျက်ရည်ရွှဲရွှဲနဲ့ ဖွဲ့ဖွဲ့နွဲ့နွဲ့ရှင်းပြတယ်။ ကိုယ်တော်က. . .

“ဟယ်. . မဟုတ်တာ”

ဆိုပြီး ကျွန်တော်တို့အနား အသေအချာ ကပ်ကြည့်တယ်။ ပြီးမှ

"အာ. . . ဘယ့်နှယ် . . . မြေဖုတ်ဘီလူးဖမ်းစားရမှာလဲ။ ဒီကောင်တွေ ပဒိုင်းသီးထိလာပြီး ရူးလာကြတာ။ ဟိုကောင် ပယောဂဆရာ. . . မင်း. . . ပေါက်တတ်ကရတွေ လျှောက်ပြောလျှောက်လုပ်မနေနဲ့. . ."

ဆိုတော့မှ အားလုံးဟာခနဲဟင်ခနဲ ဖြစ်ကုန်တယ်။

"ဒါ. . ဒါဆို သူတို့ကို ဘယ်လိုလုပ်ရမှာလဲ ဟင်. . ."

"ဘယ်လိုမှ လုပ်မနေနဲ့. . ၊ ဒီအတိုင်းသာအိပ်ပျော်အောင်သိပ်ထားလိုက် . . . နောက်နေ့မနက်ဆို သူ့အလိုလို ကောင်းသွားလိမ့်မယ်. . ."

ဆရာတော်မိန့်မှ ကိစ္စကရှင်းတော့တယ်။ အဲဒီတော့မှ. . .

"ဟင်. . . မိဘတွေကို ဒုက္ခပေးတဲ့ကောင်တွေ လာခဲ့. ."

ဆိုပြီး ကျွန်တော်တို့ငါးယောက်လုံးကို အိမ်တိုင်မှာ ကြိုးချည်ပြီး တစ်ရက် ဖမ်းချုပ်ထားလိုက်ကြတယ်။ အဲဒီနေ့က ဘာဖြစ်လို့ဖြစ်တယ်ကို မသိတော့ပါဘူး။

နောက်တစ်နေ့ကျတော့မှ သတိကသူ့အလိုလို ပြန်လည်လာတယ်။ ဒါပေမဲ့ မျက်လုံးတွေက ဘာမှကြည့်လို့မရဘူး။ အားလုံးအရုပ်တွေက နှစ်ထပ်ဖြစ်နေတယ်။ စာဆို လုံးဝကို မမြင်ရတော့ဘူး။ မနေ့က ဖြစ်ပျက်ခဲ့တာတွေကိုလည်း ဘာမှမမှတ်မိတော့ဘူး။ ဆရာဝန်ဆေးထိုးတာ၊ ပယောဂဆရာကြိမ်နဲ့ဆွဲတာ၊ ဘာတစ်ခုမှသတိမရဘူး။ ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲနာကျင်ပြီး ခေါင်းတွေနောက်နေတယ်။ ဒုက္ခကြီးပုံ ပြောပါတယ်။ တကယ်။

"မွန်အဘိုးကြီးဦးထောပိုင်ကောင်းမှုနဲ့ ပဒိုင်းသီးစားပြီးတစ်ရက်တော့ ရူးဖူးရဲ့. . ."

× × × × ×





ကျွန်တော်တို့ရွာတွေမှာ ပဒိုင်းသီးစားတာ သိပ်အဆန်းတော့ မဟုတ်ပါဘူး။ သူငယ်ချင်းအချင်းချင်း နောက်ပြောင်ပြီး သူစားမယ့်အစားအစာတွေ၊ တွမ်းယာတွေထဲ ပဒိုင်းသီးထည့်ကျွေးပြီး သူရူးသွားရင် အားလုံးဝိုင်းရယ်ကြတယ်။ တချို့လူကြီးတွေက တစ်နှစ်ကိုတစ်ခါ ပဒိုင်းသီးစားကြတယ်။ ပဒိုင်းသီးဟာ သွေးလည်ပတ်မှုကို မှန်ကန်စေတယ် တစ်ရက်ရူးပြီးရင်ခေါင်းရှင်းပြီးကြည်လင်သွားတယ်လို့ ဆိုကြပါ

တယ်. . . ။

ရွာထဲမှာ ဦးတင်အောင်ဆိုတဲ့လူရှိတယ်။ သူဆိုရင် တစ်သက်လုံးဆေးမစားခဲ့ဖူးဘူး။ တစ်နှစ်တစ်ခါ ပဒိုင်းသီးတော့မှန်မှန်စားတယ်. . ။ စားတဲ့နေ့ဆို အိမ်တိုင်မှာ ကြိုးနဲ့ဖမ်းချည်ပြီးချုပ်ထားလိုက်။ နောက်နေ့ကျရင်လွှတ်လိုက်။ Good ပဲဆိုပဲ. . ။ သန်တာကလည်း နွားလေးတစ်ကောင် ငယ်ငယ်တည်းက မ,မလာတယ်ဆိုတဲ့လူမျိုး။ အဲ. . ဒါပေမဲ့မိန်းမတော့ကြောက်သဗျ။ ဘယ်လောက်ထိကြောက်ရသလဲဆို မိန်းမက လေတက်ပြီး "အေ့"ခနဲဖြစ်တာတောင်သူ့ကို ခေါ်တယ်ထင်ပြီး အိမ်ပေါ်ပြေးပြေးတက်ရတာအမော။ နောက်ပြီး သူတို့နှစ်ယောက်က ဝန်ထမ်းဟောင်းတွေ ဝန်ထမ်းသဘာဝ ပင်စင်စားပြီး အနားယူလာကြတာ။ အသက်တော့ကြီးရှာပြီပေါ့။ သူ့မိန်းမက ဦးတင်အောင်ထက် ရာထူးကြီးတယ်ဆိုပဲ။ ဒါကြောင့် ဦးတင်အောင်ကြီးကသူ့မိန်းမကို မဟားဒယားကျွတ်နေတာပေါ့။ နှစ်ယောက်လုံးက တပ်မတော်ထွက် ဝန်ထမ်းဟောင်းတွေဆိုတော့ စစ်သားစိတ်က မပျောက်ချင်ကြဘူး။ သူတို့အိမ်မှာ အမြဲတမ်း စစ်မိန့်သံတွေကြားနေရတယ်. . . ။

"ခြင်ထောင်ထဲ ဝင်ခွင့်ပြုပါ. . "

"အမြန်. . . ဝင်"

"နားခွင့်ပြုပါ . . . "

"ဆက်. . လုပ်. . . . . . . . ဆက်. . လုပ်. . . "

"ဆက်လုပ်ခွင့်ပြုပါ"

"တန်း. . . ရပ်. . . "

စသည်ဖြင့်ပေါ့ဗျာ. . ။ နော့. . ။ အပိန့်သံနဲ့အော်ကြတာ. . ။





ညနေစောင်းပြီဆိုရင်လည်း ဦးတင်အောင်ကြီးရဲ့ သီချင်းသံကြားရပြီ။ သီချင်းကမပြောင်းဘူး. . တစ်ပုဒ်တည်းပဲ. . ဘာတဲ့

"ချစ်သည်းလေးမှာရှိတယ်. . ၊ ကိုကြီးကသိတယ်. . . ၊ ချစ်သည်းလေး ဝှက်ထားတယ်. . ၊ အစ်ကိုကြီးတွေ့လိုက်တယ်. . ၊ ချစ်သည်းလေးမှာရှိမယ် . . . "

တစ်မျိုးမထင်နဲ့ဦး. . ။ လာမယ်. . ဘာမှမဟုတ်ဘူး။ "စုဘူးလေး စုထားတယ်"ဆိုတဲ့ မေဆွိရဲ့သီချင်းကို သူ့ဘာသာသူပြန်စပ်ထားတာ. . ၊ ဆက်ဦးမယ်။

ဘာထင်နေလို့လဲ။ ဘာမှမဟုတ်ဘူး။ ဦးတင်အောင်ကြီး အရက်ဖိုးတောင်းနေတာ။ ဟိုက အရက်ဖိုးမပေးချင်လို့ ခါးကြားထဲ ပိုက်ဆံလိပ်ထားတာ။ အဲဒါကိုတောင်းနေတာ။ မသိရင်တော့ တစ်မျိုးကြီးပေါ့။ သိတော့လည်း အဲ. . တစ်မျိုးကြီးပါပဲလေ. . ။ အဲ. . လိုက်ဆိုကြည့်ပါလား။

"ချစ်သည်းလေးမှာရှိတယ်. . ၊ အစ်ကိုကြီးက သိတယ်. . ။ ချစ်သည်းလေး ဝှက်ထားတယ်. . ၊ အစ်ကိုကြီးတွေ့လိုက်တယ်. . ။ ချစ်သည်းလေးမှာရှိတယ်၊

မင်းဝှက်ထားတာရှိမယ် . . . ကိုကိုလေ . . သိတယ် . . . လျှို့ဝှက်ချက်တွေရှိမယ်. . . အရက်ဖိုးတော့ ပေးဦးကွယ်. . "

ဟမ်. . ဆိုရတာကို စီးနေတာပဲ. . ။ ခွေထုတ်စားရင် ကိုကိုကာလသား အရက်သမားတွေ အတော်ကြိုက်မယ်။ တောက်. . ခွင်ကာ ငြိမြန်ပြီ. . . ။

အဲ. . ကိုယ့်လူက အဲဒီလိုဗျ။

နောက်တစ်ယောက် ရှိသေး တယ်။ သူ့လိုပဲ။

နာမည်က ဦးရေပြား. . တဲ့။

ဦးရေပြားက ရွာမှာ နာမည်ကြီးလူမိုက်ဗျ။ ကျွန်တော်တို့အဲဒီရွာကို စရောက်တဲ့နေ့မှာပဲ. . ထန်းတောထဲက ဦးရေပြားရဲ့ဆဲသံကိုစကြားရတယ် . . ။

"ဟေ့. . ဦးရေပြားတဲ့ ကွ. . ၊ သတ္တိရှိတဲ့ကောင်ထွက်ခဲ့. . မင်းတို့ ထက်မိုက်လို့ မင်းတို့ခေါင်းအထက်က ဦးရေပြားဆိုပြီး မှည့်ထားတာ. . ဦးရေပြားတဲ့ကွ. . ခေါင်းပေါ်မှာ ဘာမှအတင်ခံတာ မဟုတ်ဘူး. . ၊ ဘယ်ကောင် ဦးရေပြားပေါ်တင်ချင်လဲ. . ၊ ထွက်ခဲ့စမ်းပါ. . . နောက်ပေါက်တဲ့ဆံပင်မွေးက ဦးရေပြားထက် . . အရပ်ရှည်ချင်လို့ကတော့ အားလုံးကိုရိတ်ပစ်လိုက်မယ်ကွ . . . ရေပြားကိုကြောလို့မရဘူး . . . "

နောက်ပေါက်တဲ့ဆံပင်မွေးက ဦးရေပြားထက် အရပ် ရှည်ချင်လို့ကတော့ အားလုံးကိုရိတ်ပစ်မယ်ကွ

စသည်ဖြင့် ဓားတယမ်းယမ်းနဲ့ စိန်ခေါ်နေတာ။ အားလုံးကလည်း ဦးရေပြားကိုငြိမ်ပြီး ကြည့်နေရတယ်။

"ဟင်. . . ဘယ်ကောင်မှ သတ္တိမရှိတော့ဘူးလား. . ဦးရေပြားကွ ဘယ်ကောင်မှ အတင်ခံတာ မဟုတ်ဘူး . . လာခဲ့ကြလေကွာ. . ထွက်ခဲ့ပါတော့လား. . ဦးရေပြားတဲ့နော်. . . "

ဆိုပြီး အော်နေတယ်။

အဲဒီအချိန်မှာပဲ. . .

"ဟိတ်"

ဆိုတဲ့ အသံကြားရတယ်။ ကြည့်လိုက်တော့ မိန်းမကြီးတစ်ယောက်. . ။ အဲဒီမိန်းမကြီးကိုမြင်တော့ ဦးရေပြား ကျုံ့ဝင်သွားတယ်. . . မိန်းမကြီးကတစ်ချက်ပဲ ပြူးကြည့်ရင်း. . . ။

"လာခဲ့စမ်း. . "

ဆိုပြီး ထွက်သွားတယ်။ အဲဒီတော့မှ တစ်ယောက်က. . .

"ဗျို့. . ဦးရေပြား၊ ခင်ဗျားခုနကပြောတော့ သူများခေါင်းအထက်မှာနေချင်လို့ ဦးရေပြားလို့ မှည့်ထားတာဆို. . ၊ အခု. . ဘယ်လိုဖြစ်တာလဲ"

ဆိုတော့ ဦးရေပြားက မျက်လုံးလေး ကလယ်ကလယ်နဲ့. . .

"မလုပ်နဲ့ကွ. . . သူ့ကိုတော့ ကြောက်ရတယ်၊ သူက ငါ့အထက်မှာရှိတာကွ. . . "

တဲ့။ ပထမတော့ မရှင်းဘူး၊ သူ့အထက်မှာ ဘာရှိသေးလဲပေါ့. . ၊ အသေအချာမေးကြည့်တော့မှ . . .

"ငါကဦးရေပြားဆိုပေမယ့် . . . ငါ့မိန်းမက ဒေါ်ဘောက်တဲ့ . . အဲဒါကြောင့် ဒေါ်ဘောက်ကိုနောက်ပေါ့"

တဲ့ . . . ကောင်းရော။

သူနဲ့ တွဲဖော်ဆိုးဖက်က ဦးဆယ်ပြား။ သူတို့နှစ်ယောက်က သေသေချာချာလည်း တည့်တာမဟုတ်ဘူး။ ပြောရရင် မတည့်အတူနေတွေပေါ့။

အဲဒီဦးရေပြား၊ ဦးဆယ်ပြားဆိုတာ အဆိုကောင်းတွေဗျ. . ။ သူတို့နှစ်ယောက်က နယ်လှည့်ဆက်ဆံရေး ကဇာတ်အဖွဲ့မှာ နှစ်ရှည်လများ ကခဲ့တယ်ဆိုလား။ ဒါကြောင့် အဆိုကောင်းတာ။ သူတို့ကဆို ဝိတ်ဆံသက ကိုဇော်ဝင်းက မယ်ဒိုလင်နဲ့တီးလို့ကတော့ ထတောင် မထချင်ဘူး။

× × × × ×





ကြုံလို့ပြောရဦးမယ်။ ဝိတ်ဆံသက ကိုဇော်ဝင်းအကြောင်း။

အမှန်တော့ သူ့ဆံသဆိုင်နာမည်က ဝင်းဆံသဗျ။ ဒါပေမဲ့ ကိုဇော်ဝင်းက ဝိတ်သမား။ ဗလကြီးကလည်း အယ်ထွက်နေတာ။ နောက်ပြီး သူဆံပင်ညှပ်ရင် ညှပ်တဲ့လူရဲ့ ခေါင်းကိုမကြည့်ဘူးဗျ။ သူ့လက်မောင်း ကိုပဲမှန်ထဲညှစ်ညှစ်ပြီး ကြည့်နေတာ။ ဒါကြောင့် ဆံပင်အညှပ်ခံတဲ့လူက ကိုယ်ညှပ်စေချင်တဲ့ နေရာ

ကို သူ့ကပ်ကြေးရှိရာ ထိုးထိုးပေးရတယ်။ နားထင်ဆိုနားထင်၊ လည်ကုပ်ဆို လည်ကုပ်ပေါ့။ ကိုယ်ခေါင်းအထိုးမှားရင် နာပြီသာမှတ်။ သူက ခေါင်းကို လုံးဝစိတ်ဝင်စားတာမဟုတ်ဘူး။ မှန်ထဲက သူ့လက်မောင်းကြီးကိုပဲ သူစိတ်ဝင်တစားကြည့်နေတာ။ သူ့လက်မောင်းပဲ သူစိမ်ပြေနပြေ ညှစ်နေတာ။

ဒါကြောင့် သူ့ဆိုင်မှာညှပ်ရင် ဘိုကေလို့ခေါ်တဲ့ ရှေ့တစ်လက်မနောက်ပြောင် တစ်မျိုးပဲရတယ်။

ဒါမို့လဲ ကျုပ်တို့ရွာကလူတွေဆိုမြို့တက်ရင် မလုပ်မဖြစ်လုပ်ကြတာ သုံးမျိုးရှိတယ်။ ဆံပင်ညှပ်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ ခေါက်ဆွဲကြော်စားမယ်။ ဒီသုံးမျိုး မလုပ်မဖြစ်ကိုလုပ်ကြတယ်။ ရွာမှာ အဲဒါတွေမှ မရှိတာ။ ရုပ်ရှင်ရုံမရှိဘူး၊ ခေါက်ဆွဲကြော်ဆိုင် မရှိဘူး၊ ဆံပင်ညှပ်ဆိုင်ဆိုလို့ ကိုဇော်ဝင်းရဲ့ဝင်းဆံသခေါ် ဝိတ်ဆံသတစ်ဆိုင်ပဲရှိတယ်။ ဒါကြောင့် မြို့တက်သူအားလုံး အဲဒီသုံးမျိုးကိုမလုပ်မဖြစ်လုပ်ကြတယ်။

ကိုဇော်ဝင်းကလည်း တကယ့်ကိုဇော်ဝင်းပဲ။ သူဆံပင်ညှပ်လို့ နားဒေါက်ထိရင် သိပ်အသည်းယားဖို့ကောင်းတာဗျ။ သူ့ကတ်ကြေးကြီးက မျက်လုံးတည့်တည့်ကနေ တုန်တုန်နဲ့ဝင်လာတာ၊ အဲ့ဒါကို ကိုယ်ကရှောင်လိုက်ရင် စိတ်ဆိုးသေးတယ်။ သူ့ဗလကြီးနဲ့ခေါင်းကိုဖမ်းပြီး အတင်းတည့်တယ်။ ပြီးရင်အဲဒီလိုပဲ တုန်တုန်တုန်တုန်နဲ့ ပြန်ဝင်လာတယ်။ ကတ်ကြေးကလည်း ဂပ် ဂပ် ဂပ်နဲ့ဗျ။ မျက်လုံးနားရောက်တော့မှ ကွေ့ပြီးနားထင်ဘက်လှည့်သွားတာ။ အဲဒီတော့မှ သက်ပြင်းချနိုင်တယ်. . . ။

ဘာလို့တုန်နေတယ်ထင်လဲ . . .

သူ့ကြွက်ကို အပီညှစ်နေလို့ဗျ . . . ။

× × × × ×





**ကျုပ်**တော်တို့ရွာကလေးမှာ လူတိုင်းမသိမရှိတဲ့ နေရာတစ်ခုရှိတယ်။

ဦးကျဲတဲဟိုတယ်. . .

ဦးကျဲတဲဟိုတယ်ဆို လူတိုင်းသိတယ်။ သူက ရွာနဲ့ခပ်လှမ်းလှမ်းတောစပ်မှာရှိတယ်။ ခြံပိုင်ရှင်က ဦးကျဲ။ နာမည်နဲ့လိုက်အောင် ဆံပင်လည်းကျဲ၊ သွားလည်းကျဲတယ်။ လူပုံက ဖြူဖြူသေးသေး။ သူ့တဲကလေးကလည်း ယိုင်နဲ့နဲ့သေးသေးလေး။ ချမ်းသာတာကတော့အံ့သြကိုယူရတယ်။ ဆင်ချည်း

မွေးထားတာခြောက်ကောင်။ နောက် နွား၊ ဆိတ်၊ ဝက်၊ ကြက်က တော့ ပြောမနေနဲ့တော့။ သူ့ခြံထဲ ဘေးမဲ့တောလိုလွှတ်ထားတာ။

အမှန်တော့ ဦးကျဲက ယာသမား။ အဲ မုဆိုးလည်းလုပ်တယ်။ ယာလုပ်ငန်းနဲ့ မုဆိုးပညာမှာတော့ သူ့မတူအောင် ကျွမ်းကျင်တယ်။

သစ်ပင်စိုက်တဲ့နေရာမှာတော့ ဦးကျဲလောက်တော်သူကို တစ်ခါ မှမတွေ့ဖူးဘူး။ ငရုတ်ပင်ကိုတောင် လူကြီးတစ်ရပ်ကျော် တဲ့အထိ ကြီးနေတာတွေ့ခဲ့ဖူးတယ်။ ကျန်တဲ့ ကြံ၊ သခွား၊ ဥသျှစ်၊ ကြက်မောက်၊ ဒူးရင်း၊ ပိန္နဲ အစုံစိုက်၊ သူ့ခြံထဲမှာ အကုန်ပေါက်တယ်။ သူ့ခြံကြီးကလည်း ခြံစပ်က နေ ဟိုးတောဆုံးထိကိုရှိတာ။ ဒါကြောင့် သူ့ခြံထဲမှာ မရှိတဲ့အပင်ကိုမရှိဘူး။

တံငါမုဆိုးအလုပ်မှာလည်း သူ့လောက်ကျွမ်းကျင်တဲ့သူ တစ်ခါမှမမြင်ခဲ့ဖူးဘူး။ သူ့ခြံထဲသွားပြီဆို. . .

"ဦးဆရာကြီး. . . (ကျွန်တော့်အဖေကို ဦးဆရာကြီးလို့ခေါ်ကြတယ်)။ ဒီနေ့ ဘာကောင်စားမလဲ"

ကျွန်တော့်အဖေက. . .

"ငါးဟင်းရရင်ဖြစ်ပါပြီ"

"ငါးကို ဘာငါးစားမလဲ"

"ငါးရံ့ပဲလုပ်ပါ"

ဆိုရင် ဦးကျဲက. . .

"အေး. . . ငါ သွားကြည့်လိုက်ဦးမယ်"

ဆိုပြီးဆင်းသွားတော့တာပဲ။သိပ်မကြာဘူး။ သူနဲ့အတူငါးရံ့ တွေတစ်သီကြီးပါလာတယ်။ သူ့ခြံထဲမှာသူ့ကိုယ်ပိုင် အင်းကြီးရှိတယ်လေ။

တကယ်လို့ ကိုယ်က ဖားစားချင်တယ်ဆိုရင်လည်း နွေခေါင်





ခေါင်ဖြစ်ပါစေမပူနဲ့ . . . ရတယ် . . သူက ဖားစကားတတ်သလိုပဲ. . သူကွိကွိ ကွကွနဲ့ အော်လိုက်ရင် . . . နှစ်ချို့တွင်းအောင်းဖားကြီးတွေ ကမနေနိုင်ဘူး . . . သူ့ကိုတစ်ခွန်းစ နှစ်ခွန်းစတော့ ပြန်ပြောဟပဲ။ ပြန် ပြောပြီဆို . . အသံလာတဲ့ဆီ. . . တိတ်တိတ်လေးသွား . . . ကွိဆို မိ တာပဲ. . .။ ငါးရှဉ့်မှစားချင်ရင်လည်း ရအောင်ရှာပေးတတ်တယ်၊ တစ်ခါ ကလည်း ငှက်ကြီးဝန်ပိုကြီးတစ် ကောင် သူဖမ်းလာဖူးတယ်။ ငှက်ကြီး ဝန်ပိုက သုံးနှစ်ကလေး အရွယ် လောက်ရှိတယ်။သူဖမ်းတာကတစ် ကောင်တည်းပါ။ ဒါပေမဲ့ နောက် တစ် ကောင်က သူ့ဘာသာသူ ဖောက်ထိုး ဆင်းရင်း သတ်သေသွားတယ်။ ဦးကျဲ ကို မေးကြည့်တော့. . .

■ ■
ငါကလည်း သူငယ်ချင်း တွေနဲ့အဲဒီညမှာသောက်တာ များပြီး ဘယ်ကဘယ်လို ဖြစ်မှန်း မသိပါဘူးကွယ်။
■ ■

ငါဖမ်းခဲ့တာအထီးကြီးကွ။ အထီးသေရင် အမက သူ့ဘာသာသူ ရင်ကွဲနာကျသေရင်သေ၊ မသေရင် သူ့ကိုယ်သူ သတ်သေတော့တာပဲတဲ့ . .။

ကျန်တဲ့ ကြက်၊ ဝက်၊ ငါး၊

ပုစွန်၊ ဂဏန်း၊ မျောက်၊ ချေ၊ ဒရယ်၊ သိုး၊ ဆိတ် ကတော့ ပြောမနေနဲ့။ ကိုယ်စားချင်တဲ့အကောင်သာလက်ညှိုးထိုးလိုက်၊ ဦးကျဲဆီမှာရှိပြီးသား။

ဒါကြောင့် ရွာကလူတွေက ဦးကျဲတဲဟိုတယ်လို့ခေါ်တာ။

နေတာကတဲ၊ ဒါပေမယ့် လိုချင်တာ၊ စားချင်တာအားလုံး ဟိုတယ်လိုမျိုးကိုရနေလို့ ဦးကျဲတဲဟိုတယ်. . . တဲ့။

ဦးကျဲ အဲလောက်အထိ ချမ်းသာတာနော်။ တစ်ခါမှလည်း အကျႌဝတ်တာမတွေ့ဖူးဘူး။ သူတင်လားဆိုတော့ သူ့သားတွေ၊ ကလေးတွေလည်း အကျႌမဝတ်ဘူး။

ဒါကို ကျွန်တော့်အမေကသနားပြီး ဦးကျဲကလေးတွေအတွက် အကျႌတွေသွားပေးသေးတယ်။ နောက်နေ့မှာပဲ ဦးကျဲက အဲဒီအကျႌတွေ၊ ဘောင်းဘီတွေလာ ပြန်ပေးသွားတယ်။ မေးကြည့်တော့. . .

"အဲဒါတွေဝတ်လိုက်ရင် ငါ့ ကလေးတွေ ကျောပူ၊ ခေါင်းပူဖြစ်လို့မယူပါရစေနဲ့"တဲ့။

ဦးကျဲကသစ်ပင်တွေတိရစ္ဆာန်တွေတင် ချမ်းသာတာ မဟုတ်ဘူး။ လူတွေလည်း အင်မတန်ချမ်းသာတယ်။ သူမွေးထားတဲ့ကလေး ဘယ်နှယောက်ဘယ်နှယောက်ရှိမှန်းတောင် သူကိုယ်တိုင်မသိဘူး။ သူ့ကိုမေးဖူးတယ်။

"အေး ငါလည်း ဒီဆရာမ နဲ့(သူ့မိန်းမက မူလတန်း ပြဆရာမ) ဘယ်လိုဘယ်လိုညားမှန်းကို မသိပါဘူးဝေး. . . သူတို့လည်း ပြောင်းလာစ ငါ့ခြံကိုလာလည်တာ။ ငါကလည်း သူငယ်ချင်းတွေနဲ့ အဲဒီညမှာ သောက်တာများပြီး ဘယ်ကဘယ်လိုဖြစ်မှန်း မသိပါဘူး ကွယ်။ မနက်ငါအိပ်ရာကထတော့ ဒီဆရာမကထမင်း အိုးတည်





နေတာတွေ့တယ်. . . ငါ့စိတ်ထဲမှာ"

"အေး. . . ဒီဆရာမဘာလို့မပြန် လဲမသိပေါ့နော်။ အဲဒါနဲ့ တစ်ရက်နှစ်ရက်နေလည်း ဒင်းမပြန်ဘူး။ ဒါနဲ့. . . ငါလည်းစိတ်မရှည်တော့ဘဲ သူ့ကိုမေးကြည့်တော့မှ. . . လားလား. . ."

"နင်နဲ့ငါညားပြီးပြီဟာ။ ဘယ်ကိုပြန်ရမလဲတဲ့. . .။ ပထမဆုံးကလေး ဒင်းမွေးချလိုက်တော့. . . အား. . . ငါ့ဆံပင်မွေးတွေပါ ထောင်တက်သွားတယ်။ ဩော်. . လူအကြီးကြီးဗိုက်ထဲမှာ လူအသေးလေး ရှိနေပါလားလို့ အဲဒီတော့မှငါသိတာ။ အဲဒါပြီးတော့ဟော့ လူအကြီးကြီးကနေ လူသေးသေးဘယ်နှကောင် ဘယ်နှကောင်မှန်းမသိတော့ဘူး။ ဒင်းကလေးမွေးတာများ ဆိတ်ချေးယိုနေသလားတောင် အောက်မေ့ရတယ်။ တပွတ်ပွတ်နဲ့။ ငါမှတ်မိတာတော့ အကြီးကောင်တစ်ကောင်ပဲ"

သူပြောတဲ့ သားအကြီးကောင်က ကျွန်တော်တို့ထက် အများကြီး ကြီးပါတယ်။ ကျွန်တော်တို့တွေ့တုန်းကတောင် ဆံင်ဦးစီးလုပ်နေပြီ။ ဒါနဲ့ ဆုင်တွေဘာလို့မွေးတာလဲမေးမိတော့. . .

"ငါ့ခြံထဲကထွက်သမျှ အသီးအပင်တွေ များများစားနိုင်အောင် အကောင်ကြီးကြီးဝယ်မွေးတာပဲ။ ဒါပေမဲ့ ငါ့ဆီရောက်မှဒီကောင်တွေ မျိုးတအားပွားပြီး ကြီးလာကြတာ။ သူများတွေလာဝယ်မှ ဆင်ဈေးကောင်း ရမှန်းသိတယ်"

ကျွန်တော်စဉ်းစားမိတယ်။ လောဘနဲ့ငွေကိုနင်းကန်ရှာနေကြတဲ့သူတွေကျတော့ စီးပွားကမဖြစ်ဘဲ လောဘ၊ ဒေါသ ကင်းကင်းနဲ့ သူ့ဘာသာသူ ကျွမ်းကျင်ရာလေးနဲ့ နေထိုင်နေသူကျတော့လည်း စီးပွားဖြစ်တာပြောမနေပါနဲ့တော့။

အခုပဲကြည့်လေ. . . ဦးကျဲရဲ့ တဲဟိုတယ်။

မြို့ကြီးပြကြီးတွေမှာတောင် တစ်စုတစ်ဝေးတည်း မရနိုင်တာတွေအားလုံး ဦးကျဲရဲ့တဲဟိုတယ်မှာရတယ်။ စားချင်တဲ့အသီးကို ခူးစား။ ဦးကျဲရဲ့ တဲဟိုတယ်မှာရတယ်။

ကြံရည်သောက်ချင်လား။ ကြံရည်ကို လက်နဲ့ကြိတ်တာတောင်မဟုတ်ဘူး။ ဆုံထဲထည့်ပြီး နွားနဲ့ကိုကြိတ်ယူရတယ်။ သောက်ချင်သလောက်သောက် . . . ပိုတာတွေ ကြံသကာ တင်လဲချက် . . . မြို့တက်ရောင်း . . . ပိုက်ဆံတွေရပြန်တော့ အကောင်ကြီးပေ့ဆိုတာတွေမွေး . . . အဲဒါတွေလာဝယ်ရင်ပြန်ရောင်း . . . ဟူး . . . စီးပွားတက်ပုံများ . . . ကရိန်းနဲ့ဆွဲတင်နေသလား မှတ်ရတယ် . . . လက်တောင်မလည်ဘူးဆို . . . ။

အဲ . . . သူချစ်တဲ့သူတွေလာပြီဆိုမှ ဦးကျဲမှာဝယ်စုထားတဲ့ သကြားလုံးထုပ်တွေရှိတယ်။ ရေနွေးကို ကျက်ကျက်ဆူအောင် တည်ထားတယ်။

ရေနွေးကျက်ကျက်ဆူပြီဆိုမှ အဲဒီသကြားလုံးတွေ ရေနွေးထဲပစ်ထည့်ပြီး ကျိုတိုက်တယ်။ နိုင်ငံခြားကဖျော်ရည်တွေအတိုင်း၊ အရသာအတိုင်းရတယ်။ ဦးကျဲရဲ့တဲဟိုတယ်မှာ . . .

ကျွန်တော်တို့ငယ်စဉ်ကဆို ပျင်းရင်ဦးကျဲရဲ့ တဲဟိုတယ်ကိုသွား၊ စားချင်တာစား၊ သောက်ချက်တာသောက်ပြီး အိမ်အပြန်မှာ ခါးမှာ ပြောင်းဖူးတွဲ၊ လက်ထဲမှာကြံသကာတစ်ထုပ်နဲ့၊ ကြံချောင်းကို တရွတ်ပါအောင်တိုက်ဆွဲ ကိုက်စားပြီး အိမ်ပြန်ရတဲ့အရသာကို အခုချိန်ထိမမေ့နိုင်သေးပါဘူး။

× × × × ×





ကျွန်တော်တို့ရွာမှာ ဘုရားပွဲရှိတယ်။ ရွာဘုရားပွဲဆိုတာကလည်း တစ်နှစ်မှတစ်ခါလုပ်ရတာ မဟုတ်လား။ ခါတိုင်းနှစ်တွေလည်းလုပ်ပေရဲ့ . . . ။ ဒါပေမယ့် တစ်နိုင်တစ်ပိုင်လောက်ပဲပေါ့ . . . ။ မြို့ဇာတ်ငှားတော့လည်း ဇာတ်ပွဲဈေးက အရမ်းကြီး။ (အမှန်တော့ဇာတ်ပွဲက ဈေးသိပ်ကြီးတာ မဟုတ်ပါဘူး။ ရွာကအိမ်ခြေကလည်းနည်း၊ လက်လုပ်လက်စားချည်းပဲဆိုတော့ မငှားနိုင်တာ

လည်း ပါတာပေါ့. . . အင်း ဦးကျဲတို့၊ ဦးတင်အောင်တို့လို အဆင်ပြေကြတဲ့လူတွေကတော့ ကမကထလုပ်ပြီး ငွေအား လူအားစိုက်ပေးကြပါတယ်. . ဒါပေမယ့်အားလုံးကြီးလည်း ဘယ်တတ်နိုင်ပါ့မလဲ)

အဲ. . . ပြီးခဲ့တဲ့နှစ်ကတော့ ရွာကအီးတီဆိုတဲ့လူက ပွဲခသက်သာအောင်ဆိုပြီး မြို့တက်ဇာတ်ပွဲ ငှားပေးသဗျ။

ရွာအကြောင်းပြောရင်း နေခဲ့ဖူးတဲ့ရွာက လူတစ်ယောက်အကြောင်းပြောချင်သဗျာ. . . ။

သူ့အကြောင်းကို ကျွန်တော် လူလည်ကြီးများရွာဆိုတဲ့ ဝတ္ထုတစ်အုပ်ရေးဖူးတယ်. . ။

သူ့နာမည်က အီးတီတဲ့. . . ။

ရုပ်က စတီဗင်စပီဘတ်(ခ်) ရိုက်တဲ့ အီးတီဇာတ်ကားက အီးတီရုပ်၊ အလုပ်က ဆေးဆရာ၊ ကင်မရာအစုတ်ကလေးကိုင်ပြီး ပတ်စ်ပို့လောက်ရိုက်တဲ့ ဓာတ်ပုံဆရာ။

ဆေးဆရာဆိုလို့ အထင်မသေးနဲ့ဗျ. . ၊ သူက ဓာတ်ဗိန္ဒောတို့ မြန်မာဆေးတို့ရောင်းတဲ့ ဆေးဆရာမဟုတ်ဘူး။ ပီဘီအင်္ဂလိပ်ဆေးဆိုင်ရောင်းတဲ့ဘိုဆေးဆရာ။ ဆရာဝန်လည်း ဟုတ်ဘူးနော်။ မြို့က ဆေးခန်းတစ်ခုမှာ ကွန်ပေါင်တာဆိုလား လုပ်ခဲ့ဖူးဆိုပဲ။ ရိုးရိုးပြောရရင် ဆေးစပ်ပေးတဲ့သူပေါ့။ တစ်ရွာလုံးမှာလည်း အင်္ဂလိပ်ဆေးအကြောင်းသိသူဆိုလို့ သူ့တစ်ယောက်လောက်ရှိတာဆိုတော့ သူ့ကိုပဲအားကိုးနေရတော့တာကိုး။

နေမကောင်းလည်း အီးတီ၊ ခေါင်းကိုက်လည်း အီးတီ၊ ဗိုက်နာလည်း အီးတီ၊ ပတ်စပို့ဓာတ်ပုံရိုက်မယ်ဆိုလည်းအီးတီ၊ အီးတီမှအီးတီပဲ။ ရွာမှာ မရှိမဖြစ် အီးတီပေါ့။ ဒါတင်လား. . . ဟုတ်သေးဘူးဗျ. . . ။





တစ်ခါသားရွာမှာ ချောတိုင်တက်ပွဲရှိတော့ ရွာသားအားလုံး ချောတိုင် တက်ကြတာကိုးဗျ၊ ချောတိုင်ကမြင့်တော့ တစ်ယောက်ချင်း တက်လို့ မရဘူး။ လေးယောက်တစ်တွဲ တက်ကြရတာ။ တစ်ယောက်ပေါ်တစ်ယောက်ဆင့်၊ အမြင့်ဆုံးလူက တိုင်ဆက်တက်တာပေါ့။ ချောတိုင် ဆိုတာက ဝါးပိုးတိုင်အမြင့်ကြီးကို ကွင်းလယ်မှာစိုက်ထားပြီး . . . တိုင် ရဲ့ထိပ်မှာရေနံချေးအရည်တွေ ထည့်ထားတယ် . . . ။ ချောတိုင်ကို လူတွေကတက်လေ ချောတိုင်ကလူ့ပ်လေ . . . တိုင်ထိပ်မှာထည့်ထားတဲ့ ရေနံချေးကကျလေ . . . တိုင်ကချောလေပဲ . . . တော်တော့ဖွဲ့နဲ့ အထက်မရောက်နိုင်ဘူး. . အတင်း အားတင်းပြီး တက်ကြရတယ် . . . ဒါပေမယ့်နောက်ဆုံးမှာ အားလုံး လုံးထွေးပြီး ကျလာတာချည်းပဲ . . . ။တစ်ဖွဲ့မှ မအောင်မြင်ဘူး. . ၊ လူတွေ တက်လို့မရလေ ဆုကြေးကများလေပေါ့. . . ။

ညနေစောင်းတဲ့အထိ အဖွဲ့တွေက ကြိုးစားပမ်းစား တက်ကြတုန်းပဲ။ ဘယ်သူမှပန်းတိုင်ကို မဆွတ်ခူးနိုင်ကြသေးဘူး။ ဒါနဲ့ပဲ ချောတိုင်ပေါ်က ဆုငွေကိုအားလုံးက လက်လျှော့ရတော့မလို ဖြစ်နေပြီ။ ရွာသားအားလုံးလည်း ခြေကုန်လက်ပန်းကျလို့ မထနိုင်ကြတော့ဘူး။ အဲဒီအချိန်ကျမှ ချောတိုင်ပေါ် ဖတ် ဖတ် ဖတ် ဖတ်နဲ့ ခြေကန်တက်လာသူတစ်ယောက် တွေ့ရတယ်။ ကြည့်လိုက်တော့ **“အီးတီ”**။

လွယ်လွယ်လေးပါဗျာ၊ တိုင်ထိပ်ပေါ်က ပန်းတိုင်ဖျတ်ခနဲ လှမ်းယူပြီး ပြန်လျှောဆင်းလာတယ်။ အကျီတောင် ဆီချေးမပေဘူး။ အားလုံး အံ့အားသင့်ကုန်တယ်။ လေးယောက်ဆင့်တက်လို့ မရတဲ့ဟာကို တစ်ယောက်တည်းတက်သွားတာကိုး. . .

သူ့ကို မေးကြည့်တော့. . .

"ဘာမှ မဟုတ်ပါဘူးကွာ၊ ငါက ဆီကုန်တဲ့အချိန်ကျမှ တက်တာပါ. . ."တဲ့။

ညဏ်ကောင်းပုံများ ပြောပါတယ်၊ ရွာမှ ပွဲဖြစ်တုန်းက ကြည့်ပါလား. . .။

ရွာဘုရားပွဲကို အဲဒီနှစ်မှာ စည်စည်ကားကား လုပ်ချင်လို့ မြို့ဇာတ်ငှားတာဗျ၊ ခါတိုင်းနှစ်ဆိုရင်တော့ ဆိုင်းဝိုင်းလေးငှား၊ မိုးလင်းပေါက်ပိတ်ကားထောင်ပြ၊ ဒီလောက်ပါပဲ။

ဒီနှစ်ကျမှဆရာတော် ကိုယ်တိုင် သူ့မွေးနေ့နဲ့ တိုက်နေလို့ ကြီးကြီးကျယ်ကျယ်လုပ်တာ။

ဖြစ်ချင်တော့ ဘုရားပွဲရာသီက မြို့ဇာတ်တွေ ခေါင်းကွဲတဲ့ရာသီ၊ ပွဲက ဘယ်လိုမှငှားလို့မရဘူး။

ဒါနဲ့ပဲ နည်းနည်းလည်လည်ပတ်ပတ်ရှိတဲ့ အီးတီကို မြို့ဇာတ်ငှားဖို့ လွှတ်လိုက်တယ်။

ဘာကြာလို့လဲ။ သုံးလေးရက်ပဲ။ အီးတီ ဇာတ်အဖွဲ့ကားကြီးနဲ့ ခန့်ခန့်ကြီး ပြန်ရောက်လာတယ်။ စုံစမ်းကြည့်လိုက်တော့ ဘယ်ဟုတ်မလဲ။

အီးတီက ဇာတ်ခေါင်းကွဲနေတဲ့ ဇာတ်သားတွေကို တွေ့ကရာစုစပ်ပြီး ခေါ်လာတာကိုး။ ဘာပဲဖြစ်ဖြစ် ရွာကလူတွေက ဇာတ်အဖွဲ့ရောက်လာပြီဆိုတော့ ပျော်တာပေါ့နော်။ ပွဲကမကြည့်ရတာကြာပြီကိုး။

ပွဲရက် တစ်ပတ်လောက်လိုသေးတော့ ဇာတ်အဖွဲ့ကလူတွေ ဒီလိုပဲ ရွာထဲနေ၊ ရွာထဲချက်ကျွေးတာစားနဲ့ အဆင်ကိုပြေနေတာ။

ရွာက ခွက်ပုန်းဆိုင်မှာဆို မင်းသားကြီးကအစ လူကြမ်း၊ လူရွှင်တော်၊ ဆိုင်းသမားအားလုံး တစ်သီမှ တစ်သီကြီး။





မင်းသမီးတွေကလည်း ရွာကရွာသားတွေနဲ့ ညားမလို၊ နိုးမလိုတွေဖြစ်နေပြီ။ ရွာသားတချို့ကလည်း ဘလက်တွေနဲ့ပေါင်းပြီး ဘလက်အထာတွေ စွတ်စက်စိမ့်ဝင်နေပြီ။ ဒါနဲ့ ဆရာတော်ဘုရားကပဲ မဖြစ်ချေဘူးဆိုပြီး သူ့အသက်ကို နှစ်ရက်တိတိအကြီးခံပြီး မွေးနေ့ကိုနှစ်ရက်စော ကျင်းပလိုက်ရတယ်။

× × × × ×

**ဒါ** ဒီတောမှ ရောက်နေတဲ့ ဇာတ်အဖွဲ့က ဖုတ်ပူမီးတိုက် ဇာတ်တိုက်တော့တာကိုး။ ဇာတ်ဆရာက တော့ သိတယ်မဟုတ်လား။ လူငယ် ဒါရိုက်တာ ဓာတ်ပုံ အီးတီ (တံခွန်တိုင်) လေ . . ။

ဇာတ်တိုက်တယ်ဆိုတာက လည်း ဟိုကရွာရိုးကိုးပေါက် စုံအောင် ကနေတဲ့ ဇာတ်သမားတွေလေ။ မင်းကဒါပြော၊ မင်းကဒါပြောဆိုပြီးပြီ။





အမှုအရာကို သင်နေစရာမလိုဘူး။ နောက် ဇာတ်လမ်းကိုအပြည့်တိုက် တာမဟုတ်ဘူး။ တစ်ဝက်ပဲ ။

အီးတီကို မေးကြည့်တော့ . . .

"လာမယ်လေ . . ဒါလျှို့ဝှက် ချက်။ အခုတိုက်ထားတာ မြင်သွားရင် ဇာတ်လမ်းပေါ့သွားမှာစိုးလို့ . . . "

တဲ့။ သူ့ဇာတ် ဘာဆက်ဖြစ် မယ်မှန်း ကရမယ့် ဇာတ်သူ ဇာတ် သားတွေတောင်မသိဘူး . . . ။

ဒီလိုနဲ့ ဇာတ်ကရမယ့် နေ့ ရောက်လာတယ် ဆိုပါတော့။

ပထမပိုင်း သမားစဉ်အရ ဘုရားရှိခိုးတာ၊ အပျိုတော်တွေ ထွက် တာ၊ စတိတ်ရှိုးဆိုတာ စသည်ဖြင့် ရှိုးလေးပါပဲ ။

× × × × ×

မိုက်ခွက် တောင်ဘက်ပြန်ပြေးသွားတယ်။ ဦးရေပြားရ အောင်ပြေးလိုက်တယ်။

သီချင်းလေးတစ်ပုဒ်ဆိုပါတယ်။ လူက ထိုင်ထလုပ်ရ၊ ဒိုက်ထိုးရ၊ ကိန္နရာလိုကရနဲ့ ဇောချွေးတွေရွှဲနစ်နေပြီ။ ဒါပေမယ့် မလျှော့သေးဘူး. . ။

"ချစ်သူအဖြေစကား အပြုံးပွင့်လေးများ လမင်းမှာရှိတယ် × ×"

မိုက်ခွက် မြောက်ဘက်ပြေးသွားရင်း မြင့်တက်သွားတယ်။ ဦးရေပြား မိုက်ခွက်နောက်ပြေးလိုက်ရင်း ခုံပေါ်တက်ဆိုတယ်။ ကြည့်ရတာကိုက ဟပ်နေတာပဲ. . ။ ကိန္နရာမြေပြင်ကနေ ကောင်းကင်ပျံတက်သွားသလိုမျိုး. . . ။

"တွေးရင်းအဖြေရှာ မောလှပါပြီ × × "

မိုက်ခွက်တောင်ဘက်ပြန်ပြေးသွားတယ်။ ဦးရေပြားပြေးလိုက်ပါသေးတယ်။ ဒါပေမယ့်. . .

"မော. . မောလှပြီကွာ. . . တကယ်မောလှပြီ. . . ဟောဟဲ . . . ဆယ်ပြား တွေ့ကြသေးတာပေါ့. . . "

ဆိုပြီး သီချင်းဆက်မဆိုဘဲ လိုက်ကာနောက်က ဦးဆယ်ပြားဆီပြေးဝင်သွားတယ်။ ဦးဆယ်ပြားကလည်း လျင်တယ်။ မိုက်ကြိုးကိုလွှတ်ချပြီးပြေးတော့တာပေါ့. . . ။

နောက်ဆုံး စင်ပေါ်မှာ ဘယ်သူမှမရှိတော့ဘူး။ မယ်ဒိုလင်တစ်လုံးနဲ့ ကိုဇော်ဝိတ်ကြီးတစ်ယောက်ပဲ ကျန်တော့တယ်။ ဆက်ဆိုမယ့် လူတွေလည်းမရှိတော့ဘူး။ ဆိုတတ်တဲ့သူမရှိတော့သလို ဆိုရဲတဲ့သူလည်း မရှိတော့ဘူး။ တစ်ယောက်မှ သီချင်းဆုံးအောင် မဆိုရသေးတော့စတိတ်ရှိုးက အောင်မြင်တယ်လို့လည်း ပြောလို့မရဘူးလေ. . ။





သီချင်းတစ်ပုဒ်မှ ကောင်းကောင်းနားမထောင်ရသေးတော့ ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။ ပြန်တဲ့သူတွေတောင် ထပြန်ကုန်ပြီ။

"ကဲ. . ကျွန်တော်ပဲ ဆိုတော့မယ်ဗျာ. . "

ဆိုပြီး မယ်ဒိုလင်ကိုပိုက်ကာ အနောင်စာလုပ်နေတဲ့ ဒေါ်မြတင်ကြီး ဆီ ကမန်းကတမ်းသွားပြီး. . .

"ကျွန်တော့် သီချင်းထဲမှာ စကားတစ်ပိုဒ်ဝင်ပြောပေးစမ်းပါ. . "

**■■ အိပ်မှာချိတ်ဆွဲထားတဲ့ နတ်အုန်းအလား ကိုးကွယ်ထားပြီး ပွတ်သီး ပွတ်သပ်နဲ့ ■■**

ဆိုတော့ ဒေါ်မြတင်က မိုက်ခွက်ကြီးကိုင်ပြီး ယောင်တောင်တောင်နဲ့ ခေါင်းညိတ်ကာ. . .

"အင်းအင်း. . ဘယ်အချိန်မှာ ပြောရမှာလဲ. . . "

"ဟိုလေ ကျွန်တော် မျက်စပစ်လိုက်ရင်ပြောတော့. . "

ဆိုတော့ ဒေါ်မြတင်လည်းခေါင်းညိတ်တယ်။ ဇော်ဝိတ်ကြီးက မယ်ဒိုလင်ပိုက်ပြီး စင်ရှေ့ပြန်ထွက်လာကာ. . .

"ကျွန်တော် အခုသီဆိုမယ့် သီချင်းကတော့ ဟသ်ာတထွန်းရင်ရဲ့

စကားပြောသော အသည်းနှလုံးဖြစ်ပါတယ်. . . ရှုစားနားဆင်ပေးကြပါ. . ”

စိတ်မပျက်ကြပါဘူး။ အားလုံးလက်ခုပ်တီး အားပေးကြသေးတယ်။

ဘာလို့လဲဆိုတော့ ဇော်ဝိတ်ရဲ့ဘဝက အဲဒီသီချင်းစာသားနဲ့ အလွန်ကိုက်ညီခဲ့တာကိုး. . ။

အဖြစ်ကဒီလို. . . ။

ဇော်ဝိတ်ငယ်စဉ် ချောတုန်းလှတုန်းအချိန်။ ခေတ်အမြင်ရှိပြီး ယောက်ျားမှန်ရင်အလေးမရမယ်ဆိုတာ သူတစ်ယောက်တည်းသိပြီး ဂဝံကျောက်တုံးနှစ်တုံးကို အုန်းဆံကြိုးနဲ့ချည်ထားတဲ့ ခြင်းတောင်းကြီးထဲထည့်ပြီး ဝိတ်မနေတုန်းအချိန်မှာပေါ့. . . ။

တစ်ရွာလုံးက ပျိုပျိုအိုအို ကာလသမီးများ ကြိုက်ကြပါလေရဲ့။ နို့ပေမဲ့ ဇော်ဝိတ်က ရွာနားကမြက်ရွာနွားမစားဘူးဆိုတဲ့စကားအတိုင်း တစ်ဖက်ရွာကမြက်နုဖြစ်တဲ့ “ဝပု” ဆိုတဲ့ကလေးမခိုးချလာပါရော့လား။ ဝပုဆိုတဲ့ကလေးမကလည်း ချောလှတော့ ဇော်ဝိတ်ခမျာ သဘောကျခဲ့ပုံရတယ်။ ဒါကြောင့် အိမ်မှာချိတ်ဆွဲထားတဲ့ နတ်အုန်းအလားကိုးကွယ်ထားပြီး ပွတ်သီးပွတ်သပ်နဲ့ အရာပေးချစ်ရှာခဲ့တယ်။

နာမည်ကိုတောင် ဝပုလို့ပြတ်ပြတ်ကြီးခေါ်ရင် အချစ်လျော့တယ်ထင်မှာစိုးလို့ . . . ဝပုရာဘရာလာတီပု . . . ဆိုပြီးသံစဉ်ကလေးနဲ့ခေါ်တယ် . . . လူက‘အလေး’မတဲ့ အပြင် အနုပညာကလည်း အနုပညာသမားကိုးဗျ . . . ။

ဒါပေမယ့် ရုပ်ကလေးသာလှပြီး စိတ်ထားမလှတဲ့ ဝပုမဟာ ဇော်ဝိတ်မရှိချိန် ဇော်ဝိတ်အမေဒေါ်ဝင်းတင်ကြီးကို အိမ်မှာအိုလှဆိုပြီး မောင်းချလိုက်ပါလေရောလား. . ။ ရက်စက်တဲ့လုပ်ရပ်ပေါ့။





ဒါကိုတောင် ဇော်ဝိတ်ခမျာဝပုမကို အပြစ်မမြင်ချစ်ခင်ရှာတုန်း။ ဝပုရာဘရာလာတီပုနေတုန်း။ နောက်ဆုံးတော့ မိခင်ဒေါ်ဝင်းတင်ကြီးခမျာ သားစိတ်နဲ့ဆုံးသွားရှာတယ်။ ဇော်ဝိတ် အမြင်မှန်ရချိန်မတော့ သူ့ရဲ့ရှုမငြီးတဲ့အသည်းကျော် ဝပုမက သူ့အိမ်ရှိတာအကုန်ရောင်းချပြီး ငယ်ချစ်မောင် ကျော်ကိုကိုဆိုတဲ့ ကုလားလင်းတလေးနဲ့ နောက်တစ်ကြိမ် လင်နောက်လိုက်သွားရှာပြီ။

လင်နောက်မလိုက်လို့လည်း မရတော့ဘူးလေ . . ဇော်ဝိတ်ကြီးက လက်ပူးလက်ကြပ် လက်ဆုပ်လက်ကိုင် မိသွားတာကိုး။ ကုလားလင်းတ မောင်ကျော်ကိုကိုက ဒဂူးကူကူးဆော့နေတာပါဆိုပြီး ညာတယ်။ ဒါပေမယ့် ဒီအဆင်နဲ့ဒီအဆင် ဒဂူးကူကူးဆင်မှမဟုတ်ပဲ။ အဲဒီတော့ အရှက်မကွဲခင်ပြေးရပြီပေါ့ . . . ။

ဒီလိုနဲ့ ဇော်ဝိတ်ခမျာ လောကကိုစိတ်နာပြီး ရှိသမျှအကုန်ဖြုတ်မဟဲ့ကြုံးဝါးရင်း ဖြုတ်ခဲ့တာ ခေါင်းပေါင်းတစ်ရာကျော်ရှာပေါ့။ (ဆံပင်ပြောတာနော်)။ အဲဒီထဲက ဆံသဆရာအဖြစ် အရိုးထုတ်ရင်းရှိရှိသမျှဖြုတ်ခဲ့တာ ယခုအချိန်ထိပဲဆိုပါတော့. . ။

အဲ အခုတော့ တိုင်ကီလေးလုံး စင်ပေါ်မှာခန့်ခန့်ညားညားနဲ့ ဆုံးသွားတဲ့အမေ့ကို အောက်မေ့သတိရစွာနဲ့ “စကားပြောသော အသည်းနှလုံး” သီချင်းကိုဟစ်ကြွေးမဟဲ့ဆိုတော့ ပရိသတ်က ရွှေဘောတော်ကျသထက်ကျတော့တာပေါ့။ နွေရာသီကိုး. . . ။ ဟယ် . . ဘာဆိုင်လို့လဲ. . . ။

ဟော. . လာပြီဗျာ။ မယ်ဒိုလင်သံကြားရပြီ. . ။ ကြည့်စမ်း မယ်ဒိုလင်ကို လွှမ်းသွားအောင်ထွက်လာတဲ့ ကိုဇော်ဝိတ်အသံ. . . ။

“ရွှေရုပ်နဲ့နှိုင်းလို့ × × ရွှေရုပ်ပင်ရိုင်းလေမလားကွယ် × × ငွေလနဲ့ နှိုင်းရင်ငွေလပင် ရိုင်းမှာလားကွယ် × ×ချစ်တဲ့သူအလှ၊

ရယ်ကသာလိမ့်မယ်ထင်တယ်”

ပရိသတ်အားလုံး ကိုဇော်ဝိတ်ရဲ့ သဒ္ဒပေါ်မှာငြိမ်ကျသွားတယ်။ အသံကြီးကကြီးကြီးသြသြတုန်တုန်နဲ့ လေးလေးပင်ပင်ရှိလှပါရော့လား။

“သံယောဇဉ်သမားတစ်ဦးမှာကွယ် × × × မင်းအတွက်ဆိုရင်တကယ် ဖြစ်လိုရာဖြစ်ပါစေကွယ်× × ×”

ကိုဇော်ဝိတ်သီချင်းဆိုရင်းနဲ့ အမေ့ကိုသတိရတာလား။ ချစ်ခဲ့ရသူ ဝပုမကိုသတိရတာလားမသိ မျက်နှာက ပြုံးတော့မယ့်မိုးလိုမှိုင်းညို့သွားတယ်။

“ကြင်နာမြတ်နိုးလွန်းလို့× × × အရိပ်တကြည့်ကြည့်နေသူမယ် × × × မျက်နှာငယ်မှာစိုးကယ်× × × နှစ်ယောက်သားမနီးကြမှာ ပူပန်တွေးတောရင်းသာရယ်× × × ချစ်သူဝေးသောအခါမျိုးမဖြစ်လို ပြီတကယ် × × ×”

ဇော်ဝိတ်ရဲ့သြဇာသံအောက်မှာ ပရိသတ်ကဖီလင်အပြည့်နဲ့မျောကုန်ပြီ။ ကိုဇော်ဝိတ်အသံက တကယ့်လွမ်းလွမ်း ဆွေးဆွေးကြီး . . .။

“တစ်နေ့သောအခါမယ် × × × ချစ်တဲ့သူ လှန္တဲ့နှောင်းက × × မောင်တကယ်ချစ်ရဲလားတဲ့ကွယ်× × × ”

ဆိုရင်းဆိုရင်းနဲ့ ဇော်ဝိတ်ကြီး ငိုသံစွက်လာတယ်။ မျက်ရည်တွေရစ်ဝိုင်းလာတယ်။ မောင်တကယ်ချစ်ရဲ့လားဆိုတဲ့ အပိုဒ်မှာအလိုမကျဟန် ရှိုက်သံလေးထည့်လိုက်တော့ ပရိသတ်ပိုထိသွားတာပေါ့။

“ချစ်စကားများ သက်သေထားကာ× × × အခက်ကြီးကြုံရမွှက်မီးပုံပွားနေတာက × × ×”

ပရိသတ်တွေ သူ့အသံမှာမျောပါရင်း အတိတ်က မောင်





ဇော်ဝိတ်လေးနဲ့ မဝပုမလေးတို့ရဲ့ ဖျတ်ဖျတ်လူးအချစ်ဇာတ်လမ်းလေးကိုသတိရသွားသလို မျက်ရည်ဝိုင်းသွားကြတယ်။

ဇော်ဝိတ်ကြီးမျက်ဝန်းကလည်း မျက်ရည်ပေါက်ခနဲ ကျလာတယ်။

“အခုမှခက်လှပါပြီကွယ် × × × မာတာမိခင်ကြီးရဲ့အသည်းနှလုံးကိုမှ သူကလိုချင်တယ် × × ×”

အဲဒီအပိုဒ်မှာ အထိဗျာ။ မာတာမိခင်ကြီးရဲ့ အသည်းနှလုံးကိုမှ သူကလိုချင်တယ်အပိုဒ်မှာ ရင်ခေါင်းသံကြီးကို ငိုသံစွက်ပြီးဆိုချလိုက်တာ အောက်ကစိတ်မနိုင်သူ ပရိသတ်တွေဆီကမျက်ရည်ဖြိုင်ခနဲကျကုန်တယ်။ ပွဲခင်းတစ်ခုလုံး ရုတ်ခြည်းအခြေအနေပြောင်းသွားတော့တယ်။ ဆိုတဲ့သူကလည်းငို၊ ပရိသတ်ကလည်းလိုက်ငိုနဲ့ အတော့်ကို လွမ်းစရာကောင်းတာကလား။ ဆိုတဲ့သူကလည်း ကွယ်လွန်သူ မိခင်ကြီးကိုလွမ်းလို့ငို ပရိသတ်ကလည်း သီဆိုသူအကြောင်းကိုသိလို့ငို။ ပွဲခင်းတစ်ခုလုံး ရင်ကွဲနာကျနေသလားအောက်မေ့ရတယ်။ အဲဒီအချိန်မှာမှ ဖြစ်ချင်တော့ . . .

“အောင်မလေး . . . ကိုဇော်ဝိတ်ကြီးရဲ့ . . . ဒါတွေဟာကျွန်မရဲ့အပြစ်ပါ. . . ဟောဒီ. . . ဝပုမရဲ့အပြစ်ပါ. . . ဟီး. . . ”

ဆိုတဲ့ငိုသံကြားလို့လှည့်ကြည့်လိုက်တော့ ဇော်ဝိတ်ရဲ့မယားဟောင်းဝပုမ။ သူ့ခမျာ မနေနိုင်လို့သာတစ်ဖက်ရွာက ပွဲလာကြည့်တာ။ လူသိမှာစိုးလို့ ခေါင်းပုံးကြီးခြုံထားသေး။ အခုတော့ ဇော်ဝိတ်ရဲ့ အနုပညာစျာန်ကို မခံနိုင်တော့လို့ထင်တယ်။ ဖြခနဲထငိုတော့တာကိုးဗျ။ ဝပုမကိုမြင်တော့ ဇော်ဝိတ်ရဲ့သီချင်းအကြောင်းအရာမှာ မျောပါနေထဲ့ ရွာသားအားလုံး တင်းသွားပြီး. . .

“ဟင်. . . ဒီကောင်မ. . . တို့အဆိုတော်ကို နှိပ်စက်သွားတဲ့

ကောင်မ. . . ပါးကိုချ ပစ်မယ်. . . ”

“ဟုတ်တယ်. . . ဇော်ဝိတ် အမေရဲ့ အသည်းနှလုံးကို လိုချင်တဲ့ ကောင်မကိုချပစ်. . . ”

ဆိုပြီး အသည်းနာနာအကဲ ပါပါနဲ့ ဝပုမနားဝိုင်းနေကြတယ်။ ဒါကို ဝပုမကလည်း ဖြိုင်ဖြိုင်ကျနေတဲ့မျက်ရည်ကြားကနေ. . .

“ရိုက်ကြပါ. . ရိုက်ကြပါ. . ကိုဇော်ဝိတ်ကြီး ဒီလောက် ခံစားရအောင်ရက်စက်မိတဲ့ ဝပုမကို ခွင့်မလွှတ်ကြပါနဲ့. . . ရိုက်နှက်ပြီးဆုံးမကြပါ . . ”

ဇာတ်ရှိန်က အတော်မြင့်နေပြီ။ ဒီအနေအတိုင်းဆို လူသတ်မှုမလွဲမသွေဖြစ်တော့မှာ။ လူတိုင်းရဲ့မျက်ဝန်းတွေက ဝပုမပေါ် မီးဝင်းဝင်းတောက်နေပြီ။ အဲဒီအချိန်မှာပဲ. . .

“တမှိုင်မှိုင် တထွေထွေ × × မိုက်ခွက်ကတစ်ဆင့်ထွက်လာတဲ့ ဇော်ဝိတ်ရဲ့ကြည်မြပီသတဲ့ အသံကြားတော့ ပရိသတ်အားလုံးရဲ့အာရုံက စင်ပေါ်ပြန်ရောက် သွားကြတယ်။

“နေ့စဉ်ရက်ဆက်လွမ်း × × မျှိုသိပ်ကာထားပေမယ့် × × သားချစ်တဲ့



ဒီအနေအတိုင်းဆို လူသတ်မှု မလွဲမသွေ ဖြစ်တော့မှာ။



မေမေ မေးလာသည့်ခဏမယ် × × × ”

အားလုံး ဇော်ဝိတ်ကို ပြန်ကြည့်ကြတယ်။ ဇော်ဝိတ်ကလည်း ရင်ကွဲဒိုနာကျနေတဲ့အသံကြီးနဲ့ ဆက်ဆိုတယ်။

“ခုမဆိုင်းပါ × × တုမနှိုင်းသာမေတ္တာများနဲ့ ဓားထက်ထက်ရင်ကိုခွဲ× × × သားချစ်သူကိုပေးစေကြောင်း အသည်းနှလုံးကိုထုတ်ကာ × × × ခန္ဓာစဲလို့ မြေသို့လဲရှာတယ်× ×”

မိခင်ကြီးခန္ဓာကိုယ်ကိုခွဲ အသည်းကိုထုတ်ပေးပြီး မြေပြင်သို့လဲကျသွားတယ်ဆိုတာ ကြားတာနဲ့ခုနငြိမ်နေတဲ့ပရိသတ်ကြီးအကုန်လုံးဝမ်းနည်းပြီးထငိုကြပြန်ရော။ သီချင်းစာသား အဓိပ္ပာယ်ကြီးကလည်း ရင်ကွဲနာကျချင်စရာကြီးကို. . . ။

သားရဲ့ချစ်သူကလိုချင်တယ်ဆိုလို့ ကိုယ့်ရဲ့ခန္ဓာကိုယ်ကိုမှမငဲ့ညှာ အသည်းနှလုံးကိုထုတ်ပြီးပေးရဲတဲ့ မိခင်ရဲ့မေတ္တာတရားကိုအပြည့်အဝဖော်ကျူးထားတော့ မငိုရမနေနိုင်တွေဖြစ်နေတယ်။ အဃ်သူ့ကြည့်လိုက်ကြည့်လိုက် ပွဲခင်းတစ်ခုလုံး တရှုပ်ရှုပ်တွေဖြစ်နေတယ်။ ဇော်ဝိတ်မိန်းမဟောင်းဝပုမဆို ငိုရင်းနဲ့တက်နေသလားတောင်အောက်မေ့ရတယ်။ မြေပြင်ပေါ် အတောင့်လိုက်ကြီး လူးလိမ့်လို့. . . ။

လာပြီဗျာ. . ။ သီချင်းရဲ့အထွတ်အထိပ်အပိုဒ်၊ ဒီအပိုဒ်မှာမိခင်ရဲ့အသည်းနှလုံးစကားသံကို ကြိုခံစားပြီးယူကြုံးမရဖြစ်နေကြသူတွေ အများကြီး. . ။ သီချင်းဆိုနေတဲ့ ဇော်ဝိတ်ကြီးခမျာတောင်လွမ်းလွန်းလို့ ငိုသံကိုအနိုင်နိုင်ထိန်းပြီး သီချင်းကိုဖတ်သီဖတ်သီနဲ့ဆက်ဆိုနေရတယ်။ လမိုင်းကလည်းမထင်မှတ်အောင် လွှတ်ကပ်နေတာကိုး။ စင်ပေါ်စင်အောက် တစ်သားတည်းကိုကျလို့။

“မွေးမေပေးသော အသည်းကိုယူကာ × × × ကလျာနှဲ့

မနှောင်းဆီ အပြေးလာခိုက်မယ်× × × ခရီးလမ်းများမဘွေအလယ် ခလုတ်ကန်သင်း တိုက်ကာလဲ × × × အမေ့အသည်းနှလုံး လွင့်ကာကျတယ်× × ×”

ကိုယ်ကိုယ်တိုင် ခလုတ်များတိုက်မိသလားထင်ရတယ်။ ကိုဇော်ဝိတ်အသံက အဲဒီနေရာမှာငိုသံကြီးနဲ့ ဆောင့်ပြီးထွက်လာတာ။ အသည်းနှလုံးကလည်း တကယ်လွင့်ကျပြီး လိမ့်သွားတဲ့အတိုင်းပဲ။

နောက်ဒါပြီးရင်လည်း ဒေါ်မြတင်ကြီးရဲ့ စကားပြောရမယ့် အပိုဒ်မို့ ဇော်ဝိတ်ကြီးဒေါ်မြတင်ကို ကြိုပြီးမျက်ရိပ်ပြထားတယ်။ ဒေါ်မြတင်ကြီးကလည်း ခေါင်းတဆတ်ဆတ်ညိတ်ပြတယ်။ သူသိပါတယ်ပေါ့။ ဒါကြောင့်ဇော်ဝိတ်လည်း ရင်ကွဲအိုနာအကျဆုံးအသံနဲ့ သီချင်း ဆက်ဆိုလိုက်တယ်။ အောင်အောင်လှိုင်လှိုင်ကွဲကွဲကြီး. . .

“အမေ့အသည်းနှလုံး လွင့်ကာကျတယ် × × × အသည်းနှလုံးကစကားပြောလာပြီကွယ်× × ×”

ဇော်ဝိတ်ကြီး ဒေါ်မြတင်ကို မျက်ရိပ်ပြတယ်။

ဒီနေရာမှာဒေါ်မြတင်ကြီးစကားပြောရမယ့်အပိုဒ်. . ။ မိုက်ခွက်ကထွက်လာတဲ့အသံကြီးက. . .

“ကျုပ်က ဘာပြောရမှာလဲတော်. . .”

တဲ့. . . ။

“ဟင်”

မဆီမဆိုင် ထွက်လာတဲ့ ဒေါ်မြတင်စကားကြောင့် အငိုထူပြီး သီချင်းဆိုနေတဲ့ဇော်ဝိတ်ကြီး ကြောင်ပြီးရပ်သွားတယ်။ ခုနလွမ်းလွမ်းဆွေးဆွေးနဲ့ငိုနေတဲ့ပရိသတ်လည်း ပါးစပ်တွေဟကုန်တယ်။ အမှန်တော့. .

“အမေ့အသည်းနှလုံး လွင့်ကာကျတယ် × × အသည်းနှလုံး





ကစကားပြောလာပြီကွယ် × × ”

ဆိုရင် အမေ့ရဲ့လွမ်းလွမ်းဆွေးဆွေးအသံကြီးနဲ့ . . . .

“သား လူလေး ဘယ်နားနာသွားလဲ သားရယ်”

ဆိုပြီးရင်ကွဲနာအပြည့်ပေးရမှာ အခုတော့. . လေကျကြီးနဲ့

“ကျုပ်ကဘာပြောရမှာလဲတော်”

ဆိုပြီး ဖြစ်သွားတော့ အားလုံးကြောင်သွားတော့တာပေါ့။ နောက်မှဇော်ဝိတ်ကြီးသတိရသွားပြီး. . .

“အာ. . ဘာပြောရမှန်းမသိရင်လည်း. . . အစထဲက မေးထားပါလား . . . တောက် . . . ”

ဆိုပြီး မယ်ဒိုလင်ကို ဂလုံခနဲပစ်ချပြီး ရှူးရှူးရှားရှားနဲ့စင်နောက်ပြေးဝင်သွားတယ်။ ဟုတ်တယ်လေ. . ။ အသည်းနှလုံးက စကားပြောမယ့် အမေတောင် “ကျုပ်ကဘာပြောရမလဲတော်”ဆိုပြီး ဖြစ်ရလောက်အောင် ပြောစရာမရှိမှတော့ သူလည်း ဘာဆက်ဆိုစရာရှိတော့မှာလဲ. . . ။

အဲဒီတော့မှ ခုနငိုနေတဲ့ ပရိသတ်ကြီးလည်း ဆက်ပြီးတော့ပဲ ငိုမလား၊ ထပြီးတော့ပဲ အော်ရယ်ရမလားဖြစ်နေတယ်။ ခုနတက် တောက်ချက်မတတ်ငိုနေတဲ့ဝပုမလည်း အတက်ရပ်ပြီးခေါင်းပေါ်ပဝါလေးပြန်ခြုံပြီး ဘယ်လစ်သွားမှန်းကိုမသိဘူး။ ဘေးနားကလူကြီးတချို့ကမှတ်ချက်ပေးရှာတယ်. . ။

“တောက်. . ဒါကြောင့် သူ့မိန်းမ နောက်လင်ယူတာ. . ”

“ငါဆိုလည်း နှစ်ပြန်တောင်ယူပစ်ဦးမယ် . . . ”တဲ့. . . ။

× × × × × ×

တဲ့ပွဲမို့ မိုးအလင်းကြည့်မယ်ဆိုပြီး အားခဲထားကြတာ။ ပွဲကတဲ့သူတွေကသာ ဆက်မကတော့ဘူးလုပ်နေတာ။

ဇော်ဝိတ်ကြီးကတော့ စိတ်နာလွန်းလို့ သူ့ဗလကြီးနဲ့ စင်ကိုတွန်းဖြိုဖို့တောင်လုပ်နေပြီ။ ဒီလိုနဲ့ရွာမှာ နည်းနည်းသြဇာရှိတဲ့ ကျွန်တော့်အဖေကပဲ. . .

"မင်းတို့ဇာတ်ကို ဆက်ကဖြစ်အောင်ကပါ. . ၊ ပွဲလုပ်မယ်ဆိုတုန်းက မင်းတို့ပဲ ရှုပိုးထိုးပြီး ဘယ်သူမှ မခိုင်းဘဲလုပ်ခဲ့တယ်။ အခုမှ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေလို့ မကကြတော့ဘူးဆိုတာဖြင့် သဘာဝမကျဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်နေဖြစ်နေ ပွဲကိုတော့ပြီးအောင် ဆက်ကကြပါ. . ."

သူတို့လည်း ဘာမှမတတ်နိုင်တော့ဘူး။ ဟုတ်လည်းဟုတ်တယ်လေ။ တစ်နှစ်မှတစ်ခါဖြစ်တဲ့ပွဲ။ ဒီပွဲကိုမှ ပြီးအောင်မကနိုင်ကြဘူးဆို အစဉ်အလာပျက်ပြီပေါ့။ ဟုတ်ဘူးလား. .။ ဒါကြောင့် ပွဲကိုမပြီးပြီးအောင်ကို ဆက်ကခိုင်းတာ. . .။

အဖေကိုယ်တိုင်ဆင်းပြောတော့ ဟိုလူတွေလည်းဘာမှမတတ်နိုင်တော့ဘူး။ ပွဲကိုမကမဖြစ် ဆက်ကရတောပေါ့။ သရုပ်ဆောင်တွေလည်း လေးငါးယောက်ပဲဆိုတော့ ပြဿနာမရှိလောက်တော့ဘူးထင်တာပေါ့. . .။

× × × × ×





ဒီလိုနဲ့ စတိတ်ရှိုးမအောင်မြင်တော့ အားလုံးကပြဇာတ်ကိုဆက် မကတော့ဘူးလုပ်နေကြတယ်။ အားလုံးက ဘယ်သူ့ကို ဘယ်လိုအပြစ်တင်ရမှန်း မသိပေမယ့် ရှက်ပြီးဇာတ်ကိုဆက် မကချင်ကြတော့ဘူး။ ပရိသတ်ကလည်းစိတ်ပျက်ပြီး ထပြန်တဲ့သူပြန်ကုန်ပြီ။ မပြန်သေးဘဲ ဖွဲကောင်းကောင်းနဲ့ စောင့်နေသေးတဲ့ ပွဲငတ်သူတချို့တော့ရှိသေးပေါ့။ သူတို့ကလည်း ဘာပဲဖြစ်ဖြစ် တစ်နှစ်တစ်ခါမှ ဖြစ်

သူ့ဟာသူ နာမည်နှစ်လုံးထဲနဲ့ လည်ထွက်နေတယ်။ ဒါကိုရိပ်မိတဲ့ ဦးဆယ်ပြားကပဲ ကြားဖြတ်လို့. . .။

"ဟေ့ကောင်. . ဒေါ်န၊ မင်းဘာစကားမှ ဆက်မရှည်နဲ့. .၊ သာဂိ တဲ့ကွနော်. . သာရင်သာ မသာရင်ဂိပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နာမည်ကိုတောင် သာဂိလို့ ပေးပစ်တာကွ. .၊ မင်းသတ်ချင်သတ်လိုက် ငါလည်းအိပ်ငိုက်နေပြီ. . သေမှာမကြောက်လို့ ငွေနှစ်ရာလောက်အတွက်နဲ့ ပေတစ်ရာလျှောက်နေတာကွ. . . ဟားဟားဟား"

သူ့စကားကြားတော့ ဦးဒေါ်နလက်ထဲက သေနတ်ကို ဟန်ပါပါ လှည့်ရင်း. . .

"ဟားဟား. . သာလိကာ . . . သာလိကာ. . . အဲလေ. . သာဂိရာ. . . ကျားသတ္တဝါ အဏ္ဏသမုဒ်မှာဟန်လုပ်ကူးတာ ကိုအတုယူပြီး ငါးခူကုန်းပေါ်တက်ကျက်စားရင် သေသွားမှာပေါ့ကွ. . . သာဂိရ. . . မင်းသေမှ ဇာတ်ဆုံး၊ ဇာတ်ဆုံးမှ အိပ်ရမှာမို့ အချိန်မဆိုင်းတော့ဘူး. . . ကိုင်း. . သေပေရော့. . ."

ဆိုပြီး သေနတ်ကိုချိန်ပြီး ပစ်ထည့်လိုက်တယ်။ သာဂိအဖြစ် သရုပ်ဆောင်ရတဲ့ ဦးဆယ်ပြားကလည်း အားခနဲသေနတ်မှန်ဟန်နဲ့ ရင်ဘတ်ဖိပြီး လဲကျဖို့ပြင်တယ်။ ဒါပေမယ့် ယမ်းသံကထွက်မလာဘူး။ ကြည့်လိုက်တော့ ယမ်းဖေါက်တဲ့ အီးတီမူးပြီးမှောက်နေပြီ။ ဦးရေပြားက ဟန်မပျက်စေဘဲ. . .

"ဟားဟား. . မပစ်ရသေးပါဘူးကွ. . မင်းလန့်အောင်ငါခြောက်လိုက်တာပါကွ . . . ဟားဟားဟား . . . ငါ့လက်ညှိုးကိုမကွေးဘဲ . . . ဟာသလုပ်လိုက်တာပါကွာ . . . သိတယ်မဟုတ်လား. . . ငါက ငါကငယ်ငယ်ထဲက ကာတွန်းဖတ်တယ်လေ . . . ဒီမှာသာဂိရ၊ ကိုယ့်အလှည့်ကျတော့ သေရမှာသိပ်ကြောက်နေပြီမဟုတ်လား. . ."





ဆိုပြီး မသိမသာနောက်ဆုတ်လိုက်ကာ နောက်မှပါးစပ်ဟပြီးငြိမ်နေတဲ့ အီးတီပါးစပ်ထဲ အရက်တစ်ခွက်ပက်ထည့်လိုက်တယ်။ အဲဒီတော့မှ အီးတီယောင်တောင်ပေါင်တောင်နဲ့ ထလာကာ ဖောက်ဖို့ ယမ်းစပ်တယ်။

"ဟား. . ဟား. . ဟား. . မင်းအခုတော့ တကယ်ကိုသေရတော့မှာပါကွ၊ တကယ်ကိုသေရတော့မယ်။ ဒီတော့ ဘုရားတရားကိုအာရုံပြု ကိုင်း. . လာပြီ. . ဟိတ်"

ဆိုပြီး သေနတ်နဲ့ ဆွဲချိန်လိုက်တယ်။ အီးတီကလည်း ယမ်းကိုဖောက်တယ်။ တကယ့်အရေးကျမှ ယမ်းကမပေါက်ဘူးဖြစ်နေတယ်။ သေတဲ့လူကလည်း ရင်ဘတ်လေးဖိကာဖိကာနဲ့ သေချင်လှပြီ။ ဒါပေမယ့် ယမ်းကမပေါက်တော့ သေလို့မရသေးဘူး။

"ဟား ဟား ဟား. . . မပစ်ရသေးပါဘူးကွ. . ကိုယ်သေမယ့်အလှည့်ကျမှသွေးပျက်နေပြီလားကွ. . သာဂိရ. . ငါကဟာသလုပ်နေတာပါဆိုနေမှ ဟားဟားဟား"

"မင်းဟာသက နောက်မှလုပ်ပါကွာ ငါလို သေရမှာမကြောက်တဲ့ကောင်က ဟာသလည်းမဖတ်ဘူး ရယ်လည်းမရယ်တတ်ဘူးကွ. . . သေရင်ပြီးပြီကွ သေရင်ပြီးပြီ"

"ဩော်. . မင်းကဒီလိုလား. . . ဒီလောက်သေချင်တဲ့ကောင်. . . ဟိတ်"

ဆိုပြီး သေနတ်နဲ့ချိန်တယ်။ အီးတီကလည်း ယမ်းကိုကြိုးစားထုရှာပါတယ်။ အရက်ပုလင်းမှောက်ပြီး ရေစိုနေတော့ ယမ်းကမပေါက်ဘူးဖြစ်နေတယ်။ အဲဒီတော့မှ ဦးရေပြားလည်းတင်းပြီး ခါးကြားက သစ်သားဓားမြှောင်ထုတ်ပြီး. . .

"အာ. . မင်းလိုလူယုတ်မာမျိုး သေနတ်နဲ့မတန်ဘူး . . .

ကျည်ဆံကုန်တယ်ဒီတော့ ဓားနဲ့ပဲစီရင်တော့ မယ်. . . ဟတ်ချိ”

ဆိုပြီးဓားနဲ့ပြေးထိုးမှ အီးတီထုနေတဲ့ယမ်းက ဒိုင်းခနဲ အသံမြည်သွားတယ်။ သေနတ်နဲ့ပစ်တုန်းက ကျည်ဆံကမထွက်ဘဲ၊ ဓားနဲ့ထိုးမှ ကျည်ဆန်ကထွက်သွားတော့ ကသူတွေရော ကြည့်သူတွေပါကြောင်ကုန်ကြတယ်။ ဘာဆက်လုပ်လို့ လုပ်ရမှန်းလည်း မသိတော့ဘူး။ သေတဲ့လူကလည်း ဓားဒါဏ်ရာနဲ့သေရမှာလား သေနတ်ဒဏ်ရာနဲ့သေရမှာလား မသိဖြစ်နေတယ်။ အတော်ကြာမှ အတွေ့အကြုံရှိတဲ့ ဦးရေပြားကဆတ်ခနဲဓားကိုပြန်ရုပ်လိုက်ပြီး. . .

“ဟား. . ဟား. . ဟား. .၊ အဲဒါ မင်းတို့လို လူယုတ်မာတွေကိုသုတ်သင်ဖို့ ငါကိုယ်တိုင်တီထွင်ထားတဲ့ ဓားသေနတ်ကွ. . . ဓားသေနတ်. . ဟား ဟား ဟား. . . ဓားသေနတ်အစွမ်းနဲ့ တစ်ခါထိုးနှစ်မျိုးနာတဲ့အရသာကို အခုတော့ မင်းသိသွားပြီမဟုတ်လား သာဂိရ. . . ဟား. . ဟား. . ဟား. . .”

ဆိုလိုက်မှ ပရိသတ်လည်း ဦးရေပြားရဲ့ဓားသေနတ်ကို ကျေနပ်သွားကြတယ်။ ဓားသေနတ်မှန်တဲ့ဦးဆယ်ပြားလည်း အခုမှ ထိုးသွင်းဒဏ်ရာဗလပွနဲ့ ပြုံးပြုံးကြီးလဲကျနိုင်တော့တယ်။ တော်သေးတာပေါ့ ဓားသေနတ်ကယ်ပေလို့။ အဲဒီအချိန်ကျမှ ဇာတ်တိုက်ထားတဲ့အတိုင်း ဒေါ်မြတင်ကြီးပြေးထွက်လာပြီး. . .

“ဟင်. . မီမလားဆိုပြီးလိုက်လာတာ. .၊ ဘုရား. . ဘုရား . . . မှားကုန်ကြပြီ. . မှားကုန်ကြပြီ. . ကိုသာဂိ. . .”

“ဟင်. . မြ. . မြနှစ်”

“ဟုတ်ပါတယ်. . ဟုတ်ပါတယ်. . . ရှင်အရင်က ကြိုက်လှပါချည် မြတ်နိုးလှပါချည် ချစ်လှပါချည့်ရဲ့ဆိုတဲ့မြနှစ်ပါ. . .”

“မြ. . မြနှစ်. . ကိုသာဂိဆီ လိုက်လာတယ်နော်. . .”





“လိုက်လာရတာပေါ့ရှင်. . . လိုက်လာရတာပေါ့. .။အဟင့် အဟင့်. . မဖြစ်သင့်တာတွေ မဖြစ်ရအောင်ဆိုပြီး ဟောဒီ မြနှစ်လိုက်လာရတာပေါ့. . အခုတော့ အခုတော့. . .”

“ဘာများဖြစ်လို့လဲ မြနှစ်ရယ်. .၊ မြန်မြန်ပြောစမ်းပါ. . ငါ့မှာအိပ်ချင်လှပါပြီ. . . ဝါး . .”

ဦးဆယ်ပြားက ဟန်မဆောင်နိုင်တော့ဘဲ ပါးစပ်ထဲလေအပြည့်ငုံထားတဲ့ အသံမျိုးကြီးနဲ့ပြောတယ်။ ဒါကို ဒေါ်မြတင်ကလည်း မလျှော့ဘဲ. . .

“ရှင်သိချင်ရင်ပြောရတာပေါ့. . . ရှင်အခုလို ဖမ်းချုပ်ပြီး နှိပ်စက်နေတဲ့ ရဲသားကြီးသီလဟာ ရှင့်ရဲ့သား. . . ရှင်နဲ့ကျွန်မနဲ့သားရှင့်. . .”

“ဘာ”

ဒီနေရာမှာတော့ ပရိသတ်ရင်ထဲပါ ဆို့နစ်သွားတယ်။ ဟုတ်တယ်လေ. .။ အဖေမှန်းသားမှန်းမသိဘဲ ရန်သူသဖွယ်ဆက်ဆံခဲ့သူတွေဟာ သားအဖအရင်းကြီးတွေဆိုတာ မထင်မှတ်ပဲသိလိုက်ရတော့ ပရိသတ်ရင်ထဲ တစ်ခါတည်းဆို့နင့်သွားတော့တာပေါ့. .။

“ဟုတ်ရဲ့လား. . အမေရာ. . . ဒီလူဆိုးလူမိုက်လူယုတ်မာမုဒိန်း ကောင်ကြီးဦးသာဂိဟာ ကျွန်တော့်အဖေအရင်းဟုတ်ရဲ့လား. . . ပြောစမ်းပါဦး မေမေရာ. . .”

ကိုဇော်ဝိတ်ကလည်း ဒီနေရာမှာ အတိအကျဝင်လာတယ်။ ဒါကို ဒေါ်မြတင်ကလည်း မျက်ရည်ကြားက မျက်နှာကိုချိုပြီး. . .

“သိပ်ဟုတ်တာပေါ့ သားရယ်. . . အမေ့မှာ သူနဲ့ပတ်သက်ပြီးရခဲ့တဲ့ဒဏ်ရာတွေဟာဗလပွရှိခဲ့တယ်သား. .”

“ဘယ်မှာလဲ မေမေ”

"ဟိုသင်းမှာပါ . . . အဲလေ . . ."

"အသည်းနှလုံးမှာပါ ဟိုသင်းလေးရယ်. ."

ဟိုသင်းအသံကြားတော့ ဇော်ဝိတ်မျက်နှာပျက်သွားသေးတယ်။ ဒါကိုလဲနေတဲ့ ဦးဆယ်ပြားကလည်း. . .

"မြ. . မြနှစ်. . ရဲသားကြီးသီလဟာ ငါ့သားဆိုတာ သေချာတယ်နော်. . ."

"သိပ်သေချာတာပေါ့ သာဂိရယ်. . ."

"သား. . သား. . အဖေ့ကို ကြည့်စမ်းပါဦးသားရယ်"

ဦးဆယ်ပြားက ဒီနေရာမှာ အပိုင်ဝိုင်သံကြီးနဲ့ပြောတယ်။ ဇော်ဝိတ်က မကြည့်ချင်ကြည့်ချင် ပုံစံမျိုးနဲ့ကြည့်တယ်။

"သားရယ်. . အဖေတို့အဖြစ်က အဖေကိုအဖေမှန်းမသိ၊ သားကိုသားမှန်းမသိတဲ့ အင်္ဂလိမာလလိုအဖြစ်မျိုးပါလား. . ."

"ဘာမှလည်းမဆိုင်ပါလား. . . ကိုသာဂိရယ်"

"သားအဖချင်းရန်သူသဖွယ် ရန်စွယ်ငေါ်ငေါ်နဲ့ အဝိဇ္ဇာမောဟတောမှာ ပျော်ပိုက်ပြီးတိုက်ခိုက်နေရတဲ့အဖြစ် ကဏ္ဍနေတယ်လေ. . အား. . ကျွတ်. . ကျွတ်. . . မောနေတယ် ကဏ္ဍကောစ မတိုက်ပါနဲ့"

ဦးဆယ်ပြားကြီး မျက်စိပြန်ကျယ်သွားလို့ဖြစ်မယ်။ အပီအပြင် သရုပ်ဆောင်နေတယ်။ ပရိသတ်ကလည်း ဦးဆယ်ပြားရဲ့ အနုပညာစီးမျောမှုမှာလိုက်ပါရင်း မျက်ရည်တွေဝိုင်းလာတယ်။

"အား. . ကျွတ်. . ကျွတ်၊ အခုတော့ အဖေဟာ အဖေ့ရဲ့မိုက်ကြေး မိုက်ပစ်တွေရဲ့ဒဏ်ကိုခံရတော့မယ်. . . အဖေကျေနပ်ပါတယ်သား. . . ဒါပေမယ့် အဖေနောက်ဆုံး အသက်မထွက်ခင် အဖေ့ရဲ့အလိုချင်ဆုံး နောက်ဆုံးဆန္ဒလေးတစ်ခုကို လိုက်လျော





ပေးပါ. . . လားကွယ်"

ဇော်ဝိတ်က ဇာတ်လမ်းထဲက အတိုင်း မျက်နှာကိုတစ်ဖက် လှည့်ရင်း တင်းခံနေတယ်။ ဒါကိုဒေါ်မြတင်က ဇော်ဝိတ်ရဲ့လက်ကိုဆွဲပြီး. . .

"နောက်ဆုံးအနေနဲ့ မင်းအဖေရဲ့ဆန္ဒကို လိုက်လျောလိုက်ဖို့ မေမေတောင်းပန်ပါတယ်သားရယ်. . လိုက်လျောလိုက်ပါကွယ်. . . အဟင့်. . အဟင့်. ."

မိခင်ဖြစ်သူကပါ မျက်ရည်တဝိုင်းဝိုင်းနဲ့ပါဝင်တောင်းပန်နေတော့ သားကလည်း ဘယ်နေနိုင်တော့မှာလဲ ဇာတ်အရ အဖေရင်းဟာကိုး။

"ကျွန်တော်. . ကျွန်တော် ဘာလိုက်လျောရမှာလဲဟင်. ."

ဆိုတော့ ဦးဆယ်ပြားက ရင်ဘတ်ကတစ်ချက်ထိုး နှစ်မျိုးနာတဲ့ ဓားသေနတ် ဒဏ်ရာကိုအုပ်ပြီး ငိုသံကြီးနဲ့ ဆက်ပြောတယ်။

"တခြားတော့ မဟုတ်ပါဘူး သားရယ်. . အဖေနောက်ဆုံး အကြိမ် အသက်မထွက်ခင်. . ."

■■ တခြားတော့မဟုတ်ပါဘူး သားရယ်. . အဖေနောက်ဆုံးအကြိမ် အသက်မထွက်ခင် . . . ■■

အရင်ကလည်း အသက်

ထွက်ဖူးတာကျနေတာပဲ။ နောက် ဆုံးအကြိမ် အသက်ထွက်မှာတဲ့။

ပရိသတ်ကတော့ ဒီအဖြေကို ရိပ်မိပြီး မျက်ရည်တွေဖြိုင်နေပြီ။ ဦးဆယ်ပြားကိုယ်တိုင်ကလည်း ပြုံမလိုမျက်နှာကြီးနဲ့ကိုး. . . ။

"အဖေ နောက်ဆုံးအကြိမ် အသက်မထွက်ခင်၊ အဖေ့ကို. . အဖေ့ကို သား. . . လို့ တစ်ခွန်းခေါ်လိုက်ပါလား ကွယ်. . . "

အမှန်တော့အဖေလို့ ခေါ်ခိုင်းရမှာ။ ဒါကို ဇော်ဝိတ်ကလည်းစျာန်ဝင်ပြီး ဦးဆယ်ပြားပြောခိုင်းတဲ့အတိုင်း ရင်ခေါင်းသံကြီးနဲ့ အော်လိုက်တယ်။

"သား. . "

"အ ဖေ. . "

ဦးဆယ်ပြားက ပြန်ထူးတယ်။ အမှန်ကဇော်ဝိတ်က သား။ ဆယ်ပြားကအဖေ။ ဒါကို သူတို့ဖာသာသူတို့ ဖီး(လ်)တွေတက်ပြီး မှားနေတာ။

"သား"

"အ. . . ဖေ"

"သား"

ဇော်ဝိတ်က ဦးဆယ်ပြားကို ပြေးဖက်လိုက်တယ်။ ဦးဆယ်ပြား အသံက တိုးတိုးယဲ့ယဲ့လေး ထွက်လာတယ်။

"ဝမ်းသာ လိုက် တာ အ. . ဖေ ရယ်. . . "

ဆိုပြီး ဂိဆို ငြိမ်ကျသွားတယ်. . . ။

× × × × ×





ဤပွဲကား . . . မအောင်မမြင်နှင့်ပင် ပင်နိဋ္ဌိတံလေပြီ . . . အဓိက ဇာတ်ကိုကခဲ့ကြသော ဦးဆယ်ပြား၊ ဦးရေပြား၊ ဇော်ဝိတ်ကြီးနှင့် ဒေါ်မြနှစ်တို့အဖွဲ့လည်း ပွဲပြီးကတည်းက အရှက်သည်းပြီး. . . နွေခေါင်ခေါင်ကြီးလယ် ထဲဆင်းသွားကြသည်။ နွေအထွက်တိုးစပါးစိုက်ဖို့တော့မဟုတ်တန်ရာ . . . ရွာကလူတွေကတော့ အဲဒီပွဲအကြောင်းကို ပြောပြောပြီးရယ်လိုက်ကြရတာ ဖတ်ဖတ်ကိုမောရောပဲ . . . ။

အလျှောင်အပြောင်ဆုံး လူကတော့ လူငယ်ဒါရိုက်တာခတ်ပုံ အီးတီ (တံခွန်တိုင်)ပဲ . . . လူလေးများ စုစုစုစုရှိရင် ပြောပြောပြီးတော့ ဖင်ကွဲမတတ်ကို ဆောင့်ဆောင့်ပြီးရယ်တာ။ မသိရင်သူမပါတဲ့ အတိုင်းပဲ . . ။

ဒါပေမယ့်လည်း သိပ်ကြာကြာတော့ ရေပန်းမစားနေနိုင်ပါဘူး . . . တောသူတောင်သားတွေဆိုတော့ ကြာကြာလည်းပုန်းအောင်းမနေနိုင်ကြပါဘူး . . ။

တဖြည်းဖြည်းနဲ့ ရှက်စိတ်လေးတွေပျောက်ပြီး . . . ရွာထဲပြန်ရောက်လာကြတာပါပဲ။

ရွာကလူတွေကလည်း ပထမတော့ မျက်နှာချင်းဆိုင်ရင်ပဲ ပြုံးချင်သလိုလို . . . ရယ်ချင်သလိုလို. . . ဒါပေမယ့်ရွာသား အချင်းချင်းတွေဆိုတော့ ထိန်းကြပါတယ်။ ဟုတ်တယ်လေ . . . အများစုက မလုပ်ရဲလို့ခေါင်းရှောင် ထားကြတာကိုး။

သူတို့က ဦးဆောင်ပြီးလုပ်ပေးခဲ့တာပဲရွာအတွက် ကျေးဇူးကြီးလှပြီ။ ပြီးတော့ဝါရင့်သဘာရင့် ပညာရှင်ကြီးတွေလည်း တစ်ယောက်မှ မပါဘူးလေ။ ပါဝင်ကပြတဲ့လူအားလုံးက ဝါသနာလေးနည်းနည်းနဲ့ မဖြစ်လို့သာ ဝင်ကပေးကြရတာမဟုတ်လား။ တကယ်ဝါသနာ ကြီးရင်တော့ မြို့တက်ပြီးမင်းသားပေ့မင်းသမီးပေ့ ဆိုတာကြီးတွေလုပ်စားနေတာကြာ . . . ကြာလှပေါ့ . . ဟုတ်ဘူးလား . . . ။

ဒါပေမယ့်စကားလေးများစပ်မိလို့ကတော့ ပြောမိကြတုန်း . . ပြုံးမိကြတုန်းပါပဲ။ ကျွန်တော်တို့ ကလေးလောကမှာလည်း ဦးရေပြားရဲ့ တစ်ခါထိုးရုံနဲ့နှစ်မျိုးနာတတ်တဲ့ ခားသေနတ်ကြီးက အလုပ်ဖြစ်နေဆဲပါ။ ပျော်ပွဲရွှင်ပွဲရှားတဲ့ ရွာကလေးအတွက်ကတော့ လသာတဲ့ ညတွေမှာ အဲဒီနှစ်အရပ်ဇာတ်ပွဲလေးက လူကြီးသူမတွေ





ရဲ့ပါးစပ် ဖျားဇာတ်ခုံမှာ'က'နေကြတုန်းပါပဲ . . . ပြောနေကြတုန်းပေါ့ . . . ။

တစ်ခါတစ်ရံမှ ရွာကလေးကိုသတိရတတ်တဲ့ . . ကျွန်တော်တောင် သတိတရနဲ့ရေးနေမိပြီပဲလေ. . . ။

လေ : ၁ : ၉၁ ကြို : ၁ : လျက်

အကြည်တော်

**နောက်**ညကျတော့ အိမ်က ပေးမသွားလို့ ကျုပ်တို့ပွဲမသွားလိုက်ရဘူး။ ဒါနဲ့ပွဲသွားကြည့်တဲ့လူတွေကို အဲဒီည ပြဇာတ်ဘယ်လို နေသလဲဆိုတော့. . .

“မနေ့ညကထက်တောင် နှစ်ချက်ပိုပစ်သေးတယ်. . . ”တဲ့။

တောက်. . . မကြည့်ရတာ လွတ်နာတယ်။

ထားပါဦး. . ပြဇာတ်။

ပြီးတော့နှစ်ပါး။ အများရှင်တဲ့ နှစ်ပါးခွင်ပေါ့ဗျာ။ မင်းသားကတော့။





အင်း. . မင်းသားကတော့။

မင်းသားဆိုတာ အဲ. . နာမည်တော့ မပြောတော့ ပါဘူး၊ နှစ်ပါးခွင် စထွက်ကတည်းက ထိုးလိုက်တဲ့ကျွမ်း၊ မျောက်ရှုံးတယ်ဗျာ၊ ဿဏ္ဍာပေါ်ထိုးပြီး တိုင်ကီထဲထိုး၊ ကလပ်ပေါ်တက်ထိုးနဲ့ မျက်စိကိုနောက်ရော။

ဆိုတဲ့ သီချင်းကလည်း တစ်ပိုဒ်တည်း. . .

နွေမိန်တပေါင်းလေ. . ။

သီချင်းစတာနဲ့. . .

“နွေမိန်တပေါင်း ဟောင်းဟောင်း၊ နေရှိန်ပြောင်းဟောင်းဟောင်း ရွက်ဟောင်းကြွေကျ မြေခရပြီလေ. . . ”

ဆိုပြီးတာနဲ့ ခါးတောင်းကျိုက်ပြီး ကျွမ်းထိုးတော့တာပဲ. . . ။

တစ်ခါပြီးတာနဲ့ မင်းသားက. . .

“ဒါလေးကတစ်မျိုး. ကဲ. . . နောက်တစ်မျိုး ထပ်ကြည့်မယ် . . ရှာစားရေ. . . ”

“နွေမိန်တပေါင်း ဟောင်း ဟောင်း. . ”

ဆိုတာနဲ့မင်းသား နောက်တစ်မျိုး ကျွမ်းထိုးပြတော့တာပဲ။ တာပဲ က, က သူ့ပါးစပ်ပုပ်ကြီးက. . .

‘နွေမိန်တပေါင်း ဟောင်း ဟောင်းပဲ’ မပိုဘူး. . . ။

ကြာတော့. . ကြည့်တဲ့လူ တွေတောင် မျက်စိတွေနောက်ကုန်တယ်။ ပရိသတ်အားလုံး ပွစိပွစိ ဖြစ် ကုန်ကြတယ်။ ဟုတ်တယ်လေ၊ ပွဲကြည့်ပါတယ်ဆိုမှ မျောက်ပွဲကြည့်ရသလိုကို ဖြစ်နေတာ။ အောင်မာ. . . သကြားလုံးတွေပစ်တင်ရင် ပိုထိုးသေးသဗျ။ သူ့ကိုယ်သူများ တကယ့်တရားဝင်မျောက်ထင်နေလားမသိဘူး။’

ဒါနဲ့ပဲ ကြည့်နေတဲ့လူတွေက. . .

"ဘာတွေလုပ်ပြနေတာလဲ မသိဘူး . ။ မျက်စိကိုနောက်နေတာ. . ."

"အေးလေ. . အင်မတန်နန့်တဲ့ မျောက်တောင် ဒီလောက်မကမြင်းဘူးထင်တယ်. . . မျောက်မိန်းမရှင်ကျနေတာပဲ . . . ကမြင်းချက်ကတော့ . . ."

စသည်ဖြင့် အသံတွေထွက်လာတယ်။ ဒါကို ရွာလယ်ကဒေါ်မြတင်ကြီးက. . .

"အိုအေ. . နင်တို့က အဲဒီလိုမပြောပါနဲ့. . . ခြုံကြည့်ရင်ကောင်းပါတယ်. . ."

ဆိုပြီးထပြောတယ်။ သူ့ကိုကြည့်တော့ မုဒ့ုံစောင်ကြီးခြုံလို့. . ။

ဘာမှလည်း မကြည့်ဘူး ပွဲခင်းထဲ လာအိပ်နေတာ။ လူစည်လို့တဲ့လေ။ အားလုံး ဝါးခနဲပွဲကျသွားတော့တယ်။ ထားပါတော့၊ နောက်ပိုင်း ဇာတ်တော်ကြီးအကြောင်း ဆက်မပြောတော့ပါဘူး။ အော်ပရာနဲ့ ပြဇာတ်မှာတောင် ဒီလောက်ဆိုးနေရင် နောက်ပိုင်းအကြောင်း ဆက်ပြောရင်မျက်ရည်ပါကျသွားမယ်။ လူငယ်ဒါရိုက်တာဓာတ်ပုံအီးတီ (တံခွန်တိုင်) ဦးစီးတာကိုး. . . ။

ထားပါတော့ . . . အဲလိုနဲ့ ခနော်နီခနော်နဲ့နဲ့ပဲ ပြီးသွားရောဆိုပါတော့ . . . ။ လူငယ်ဒါရိုက်တာဓာတ်ပုံအီးတီ (တံခွန်တိုင်) လည်း ဘယ်လောက်တောင် နာမည်ကြီးသွားသလဲဆိုရင် အင်မတန်မှဒေါသကင်းတယ်ဆိုတဲ့ ရွာကျောင်းကဆရာတော်တောင် သူ့ကိုနှစ်ပတ်လောက်စကားမပြောတော့ဘူးလေ. . . ဘုန်းကြီးကိုအချဉ်ဖမ်းလို့ဆိုပဲ . . . ။

× × × × ×





**အီး**တီဆေးအကြောင်းပဲ ဆက်ပြောရအောင်. . ။

အီးတီက ဆေးစီးတယ်ပြောကြသဗျ။ နောက်. . သူက တိကျသဗျ။ နေမကောင်းလို့ သူ့ဆီသွားရင်. . .

"ဘာဖြစ်လဲပြော. ."

"နေမကောင်းတာပါ. ."

"ခေါင်းရော ကိုက်သေးလား"

"အင်း. . . နည်းနည်းတော့ကိုက်သလိုပဲ. ."

"ဗိုက်ရော အောင့်သေးလား"

မကြည့်ဘူးနော်. . ။ လူကို လုံးဝမကြည့်တာ။ လူမကြည့်လို့ ဆေးဘူးတွေ ကြည့်နေလားဆိုတော့ မဟုတ်ပြန်ဘူး။ ဆေးဘူးတွေလည်း သူလက်လှမ်းမီရာပေးတာပဲ. . ။

ဆေးတစ်ဆယ်ဖိုးလောက်ဝယ်ရင် ဆယ့်ငါးလုံးလောက်ရတယ်။

အရောင်စုံ၊ အရသာစုံ၊ ကြယ်ပုံလည်းပါသေးတယ်။ တြိဂံလည်းပါတယ်။ လေးထောင့်လည်း ပါတယ်။ အဝိုင်းလည်းပါတယ်။ ပန်းရောင်၊ အပြာနုရောင်၊ ခရမ်းရောင် စသည်ဖြင့် အရောင်စုံပဲ. . ။

သောက်ထည့်လိုက် ပျောက်ပြီ. . ။

ဘယ်လောက်ထိ ပျောက်သလဲဆိုရင်. . .

"ကိုကြီးတင်အောင်လေ၊ မနက်က အကောင်းကြီးဗျ. . ၊ နေ့ခင်း ကျတော့ ခေါင်းလေးနည်းနည်းကိုက်လို့ အီးတီဆေးဆိုင်မှာ ဆေးတောင်ဝယ်သောက်သေး။ ညလည်းကျရော "ကောက်ကာငင်ကာဆုံးရော. . ."

အဲလိုကို ပျောက်တာ။ ဘာနဲ့ဆုံးလို့ဆုံးမှန်းကို မသာကိုယ်တိုင်မသိအောင်ပျောက်တာ။

"ဟယ်. . မယ်မြတစ်ယောက်တော်. . . ထမင်းစားရင်းဗိုက်ကလေးနည်းနည်း အောင့်လာလို့တဲ့. . အဲ့ဒါ. . အီးတီဆီသွားတာ. . အီးတီက တစ်ခါတည်းပြီးအောင် ဆေးစပ်ပေးရှာသား. . အီးတီကယ်တာတောင်မရဘူး . . . ဆေးသောက်ပြီး ခဏနေတော့ ဒီကောင်မဘာမပြောညာမပြောနဲ့ ကောက်မျက်ဖြူလန်ပြီးဆုံးတာပဲ. . ."

အတော်များများကတော့ ရောဂါတကယ် ကောင်းသွားကြသဗျ။ ဘာလို့လဲဆို ကျုပ်တို့ကြည့်ပါလား. . ။ အဲဒီတုန်းက တစ်ခါ





တစ်လေ မုန့်ဖိုးတစ်ဆယ်လောက်ရရင် မုန့်ဝယ်မစားဘူး. . ။ အီးတီ ဆေးဝယ်စားတာ. . ။ သူက ဆေးပေးတာများလို့. . ။ သူမေးရင် ကိုယ်ဖြေလိုက်ရုံပဲ. . ။

"ခေါင်းကိုက်လား. . "

"အင်း. . ကိုက်သလိုလိုပဲ"

"ဗိုက်ရော. . "

"အင်း. . အောင့်သလိုလိုပဲ . . . ဟို. . ခြေဆစ်ပါ နာနေတယ်. . "

ရောဂါသုံးမျိုးလောက်ပြောလိုက်၊ ဆေးအရောင်စုံ ဆယ့်ငါးလုံးလောက်ရတယ်။ ဒါ. . ညမနက် နှစ်ရက်စာနော်။ အလုံးသုံးဆယ် မလျော့ဘူး။ စားပေလေ့ တစ်နေကုန်။ ခါးတာလည်းပါတယ်။ ချဉ်တာလည်းပါတယ်။ ချိုတာလည်းပါတယ်။ အရသာကိုစုံရော။ တစ်ခါတလေ လျှက်ဆားပါ ရောပေးသေးတာ။ ဒါကြောင့်ကျုပ်တို့ ခုချိန်ထိ ကျန်းမာနေတာကြည့်။ ကျုပ်တို့ သူ့ဆေးကိုမစားဘူးဆိုရင်တောင် တစ်ပြည်လောက် စားဖူးတယ်။ အီးတီဆရာတန်ခိုးနဲ့ ရတနာဆေး ရှာသွန်းဖြိုးထားတာ။

နောက်ပြီးအီးတီက ကျူရှင်လည်းပြသဗျ။ သူကကျန်တဲ့ အချိန်တွေဆို ဆေးဆရာပဲ။ အဲ မှတ်ပုံတင်လုပ်ချိန်တို့ လိုင်စင် လျှောက်ချိန်တို့ဆိုရင် ဓာတ်ပုံဆရာ။ ဓာတ်ပုံကလည်း ထူးချွန်တယ် ပြောရမယ်။ ပတ်စပို့ရိုက်တာကို ခေါင်းမပါတာနဲ့ ဘာနဲ့။ စာမေးပွဲ နီးရင် ဆေးဆရာ ဓာတ်ပုံဆရာတစ်ဖြစ်လဲ ကျူရှင်ဆရာ ဖြစ်သွားရော။

× × × × ×

**ဟား** ဦးတော့. . . ။

ကျွန်တော်တို့ရွာက ပြောင်းခါနီးမှ ရွာဘုရားပွဲနဲ့တစ်ခါထပ်ပြီး ကြုံတော့တာကိုးဗျ။

ဒီနှစ်ကျမှ ထူးထူးခြားခြား မြို့ဇာတ်ကို မငှားတော့ဘဲ ဦးရေပြား၊ ဦးဆယ်ပြား၊ အီးတီတို့ဦးစီးပြီး ရွာဇာတ်ကကြမှာတဲ့. . . ။

အီးတီအပြောကတော့ ပြီးခဲ့တဲ့နှစ်ကအတွေ့အကြုံအရ . . . ပင်ပန်းတော့ကိုယ် . . . နာမည်ကြီးတော့





သူတို့ . . . အဖြစ်မခံနိုင်ဘူးတဲ့ . . . ကိုယ့်ဘာသာကိုယ်ကပြီး ကိုယ့်ဘာသာကိုယ်နာမည်ယူတော့မယ် ဆိုကိုးဗျ . . . ။

တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတယ်. . . ။

ကမှာကလည်းကြည့်ဦး. . ။ စတိတ်ရှိုးနဲ့ ပြဇာတ်နှစ်ခုထဲကမှာ။

စတိတ်ရှိုးကလည်း ထူးဆန်းတယ်။ ဘာတီးဝိုင်းမှမငှားဘဲ ဦးဇော်ဝင်း(ဝိတ်ဆံသ)ကမယ်ဒိုလင်တီးပြီး ဆိုချင်သူတွေဆို. . ပြီးပြီ။ ဘာဇရမ်မှ၊ ဂစ်တာမှ မပါဘူး။ အေးရော. . . ။

ပြဇာတ်ကလည်း သူတို့ဖာသာသူတို့ ရေးထားတဲ့ တော်လှန်ရေးဇာတ်။ စကားပြောမယ်။ သေနတ်ပစ်မယ်။ ဇာတ်ပို့တေးဂီတကို ဝီကာနဲ့ ကက်ဆက်နဲ့ဖွင့်ပေးမယ်. . . ။ ဒါပဲ. . . ။

ထူးခြားတာက ဒီပွဲမှာပါဝင်ကပြအသုံးတော်ခံသူတွေကသာ ဇာတ်ပွဲအတွက် ကုန်ကျငွေစိုက်ရမယ်ဆိုတာပဲ။

ရွာကလည်းသဘောကျကြတယ်။ ဘယ်သူ့မှပိုက်ဆံမထည့်ရဘဲပွဲကြည့်ရမယ်ဆိုတော့ ကောင်းကောင်း၊ မကောင်းကောင်းလေ . . ၊ ကြည့်ကြမှာပဲ. . ။ အဓိက ပွဲဖြစ်သွားဖို့အဓိကမဟုတ်လား။

ဒီလိုနဲ့ ပြဇာတ်တွေတိုက်ကြတာပေါ့။ သီချင်းကတော့ ထွေထွေထူးထူး ကျင့်နေစရာမလိုပါဘူး။ ညနေတိုင်း ဇော်ဝိတ်ဆံသမှာ ဆိုနေကျမဟုတ်လား. . ။ ပြဇာတ်ကိုသာ အဓိကထားတိုက်ကြရတာ။ ပြဇာတ်က မကဖူးသူတွေလည်းပါတာကိုး. . . ။

ပြဇာတ်မှာပါဝင်သူတွေကတော့ ပိုးမသေးတဲ့ အဖိုးလေးတွေချည်းပဲ. . . ။

ပြဇာတ်မင်းသားက ဦးဇော်ဝိတ်. . ။ သူက ဗလရှိသူမဟုတ်လား။ သူနဲ့ပြိုင်ဖက်က ရွာလူမိုက် ဦးဆယ်ပြား. . ။ ပြဇာတ်မင်းသမီး

က ဦးဆယ်ပြားကတော် ဒေါ်သန်းရီ. .။ သူက ဇာတ်ကဖူးသူမဟုတ်လား။ ကျန်တဲ့ ဦးရေပြားတို့ အီးတီတို့ကဝိုင်းမယ်။ အားလုံးအဆင်ပြေနေပြီ. . .။

ခက်နေတာက သူတို့အဖွဲ့ထဲမှာ ဒေါ်မြတင်ကြီး ပါနေတာပဲ။ သူကငွေအများဆုံးစိုက်ထားတော့ သူ့ကိုမသုံးလို့မရဘူးဖြစ်နေတယ်။

ဒေါ်မြတင်ဆိုတာကလည်း ပွဲကဖို့မပြောနဲ့၊ မြို့ဇာတ်တွေ ရှာလာ ကရင်တောင် ပွဲခင်းထဲလူစည်လို့ လာအိပ်နေတယ်ဆိုတဲ့လူမျိုး. .။ ဘာပွဲမှ လည်း မကြည့်ဖူးတဲ့အပြင် အနုပညာနဲ့ပတ်သက်ပြီး ဘာဗဟုသုတမှ မရှိဘူး။ အဆိုးဆုံးက စကားကိုတောင် ရေရေလည်လည် မပြောတတ်တာပဲ။ ဒီအတိုင်း စကားပြောနေရင်တောင် သူမသိတဲ့စကားလုံးဆို ဟိုသင်း ဟိုသင်း ထည့်ထည့်ပြောနေတဲ့ဟာကို. . .။

အဲဒါနဲ့အားလုံးညှိပြီး ဒေါ်မြတင်ကို ပြဇာတ်ထဲတစ်ခန်းထည့်ပေးမယ်။ နောက်ပြီး ဇာတ်ပွဲတစ်ပွဲလုံးရဲ့အနောင်စာ (အစီအစဉ်ကြေညာသူ) ပေးလုပ်မယ်ပေါ့။ (ဒေါ်မြတင်က သီချင်းဆိုမယ်ချည်း လုပ်နေတာကိုး. . )။ ဒီလိုနဲ့ အားလုံးအဆင်ပြေသွားကြတယ်။ ဇာတ်ပွဲ စမယ့်နေ့အထိပေါ့။

× × × × ×





ပွဲဆိုမှပွဲပါဗျာ. . .။

စင်က တိုင်ကီလေးလုံးပေါ် သစ်သားတွေတင်ပြီးဆောက်ထားတာ။ လိုက်ကာတွေမရှိလို့ ရွာကျောင်းဆရာတော်ကိုလျှောက်ပြီး လိုက်ကာလုပ်ထားရတယ်။ ဘာစပေါ့ လိုက်မှမပါဘူး။ မီးချောင်းတွေ၊ မီးလုံးတွေ ဒီအတိုင်းတပ်ပြီး ပလပ်ခုံမှာ အဖွင့်အပိတ်လုပ်ကြမှာ. . .။ မှိန်ချင်ရင် ခလုတ်ပိတ်၊ လင်းချင်ရင် ခလုတ်ဖွင့်. .။ ဒါပဲ. . .။

ဇာတ်က မပြည့်စုံတဲ့အပြင် ဇာတ်ထဲမှာပါတဲ့ ဦးရေပြားနဲ့ ဦးဆယ်ပြားတို့က ပြဿနာတက်နေ သေးတယ်. . ။ ပြဿနာအရင်းအမြစ်က ဘယ်သူ့ပိုပြီး သီချင်းဆို ကောင်းသလဲ ဆိုတာကစ မာနပြိုင်ကြတော့တာ ပါပဲ. . . ။

"မင်းက. . သီချင်းကို ဘယ်လောက်ဆိုတတ်လို့လဲ. . "

"မင်းကရော. . သီချင်းကို ဘယ်လောက်ဆိုနိုင်လို့လဲ"

စသည်ဖြင့် ငြင်းရာကနေ . .

"သတ္တိရှိရင် မိုက်ခွက်မကိုင်ကြေး အဆိုပြိုင်ကြမလား. . . "

ဆိုပြီး ဖြစ်လာရော. . ။ ဟုတ်တယ်လေ၊ မိုက်ခွက်ကိုလက်နဲ့ မကိုင်ကြေး လောင်းကြတာပေါ့။

"စိမ်လိုက်လေ. . ၊ မိုက်ခွက် မကိုင်ဘဲ မင်းဘယ်လောက် အသံနိုင်လဲ။ ငါဘယ်လောက် အသံနိုင်လဲ စမ်းကြတာပေါ့. . . "

ဆိုပြီး သဘောတူလိုက်ကြတယ်။ လောင်းကြေးက ချက်အရက်

**အောင်မာ တန်းစီတဲ့အထဲ
သူကြီးဦးရွှေနောင်
တောင်ပါသဗျ။**





ငါးလုံးကြေး . . ။ ဒိုင်လူကြီးက ဦးကျဲ . . . အေးရော. . ။

ပွဲမစခင်ကတည်းက လော်စပီကာသံက ဆူညံနေတယ်။ ပွဲကွက်လပ်ရဲ့နံဘေးမှာလည်း ထုံးစံအတိုင်း ပွဲဈေးတွေနဲ့ဘာနဲ့ သူ့ဟာနဲ့တော့ ဟုတ်နေတာပါပဲ. . . ။ ရွာနီးချုပ်စပ်က ပွဲငတ်သူတွေကလည်း ပွဲဆို ဘာပွဲဖြစ်ဖြစ် ကြည့်မယ်ဆိုပြီးရောက်နေကြပြီ. . . ။ ဟုတ်တယ်လေ ဘာပွဲမှမရှိရင် ကြက်ပွဲတောင်အကောင်းလုပ် ကြည့်နေရတဲ့ဟာကိုး. . ။

× × × × ×

ပွဲစပြီ. . . ”

ပွဲစပြီဆိုတာနဲ့ အနောင်စာ ဒေါ်မြတင်ရဲ့အသံ စကြားရပါတော့တယ်။

“ကြွရောက်လာကြတဲ့ ဟိုသင်း ပရိသတ်ကြီးရှင့်. . . ”

ပရိသတ်ကြီးက ဘယ်သင်း လာတယ်တော့ မသိပါဘူး။ ဒေါ်မြတင် က သူမ ပြောတတ်တဲ့စကားလုံးဆို သူ့ ဝသီအတိုင်း ဟိုသင်း ထည့်ပြောတော့ တာကိုး. . ။ အခုလည်း ရွှေပွဲလာကို





ယခုဆက်လက်ပြီး
ကျေးရွာလူအပေါင်း
စုဆောင်းပါဝင်ထားတဲ့
ဟိုသင်းပဒေသာကြီး
ပြတော့မှာမို့ အားလုံး
နေရာယူပေးကြပါရန်

မပြောတတ်လို့ ဟိုသင်းလာဆို ပြီး ပြောချလိုက်တော့ နားထောင် ရတာ တစ်မျိုးကြီး. . . ။

“ယခုဆက်လက်ပြီး. . . ကျေးရွာလူအပေါင်း စုဆောင်းပါဝင် ထားတဲ့ ဟိုသင်းပဒေသာကြီး ပြ တော့မှာမို့ အားလုံးနေရာယူပေးကြ ပါရန် ပန်ကြားအပ်ပါတယ်. . . ”

ကြားရသူအပေါင်း ခေါင်း တွေကိုထောင်ကရော့ပဲ။ အမှန်က တော့ ကပွဲပဒေသာဖြစ်ရမှာ။ အခု တော့သူပြောလိုက်မှဘာလိုလို. . ။ ဒါ ပေမယ့် အဆင်ပြေပါတယ်။ လူတွေက သဘောပေါက်စွာနဲ့ပဲ ပွဲခင်းထဲနေရာ ယူကြတယ်။

သိပ်မကြာပါဘူး ကိုဇော် ဝိတ်ကြီး သူ့မယ်ဒိုလင်ကို သူ့ဗလကြီး နဲ့ ညှစ်ပြီးတက်လာတယ်။ ပြီးတော့ ခွေးခြေခုံအပုတစ်လုံးမှာ ထိုင်တယ်။ ဒါကိုဒေါ်မြတင်က. . .

“တီးဝိုင်းအဖွဲ့က ရောက် နေပါပြီ. . ဆိုမယ့်သူက. . ”

တီးဝိုင်းအဖွဲ့လို့သာ ပြောတာ ပါ။ အမှန်တော့ တစ်ယောက်တည်း။

"ယခု . . စတင်ဖျော်ဖြေမယ့်သူက လူငယ်ဒါရိုက်တာဓာတ်ပုံ အီးတီ (တံခွန်တိုင်) ဖြစ်ပါတယ် . . "

အဖွင့်ဆိုရမှာဆိုတော့ မကြောင်အောင် နည်းနည်းသဘာရှိသူကို ခေါ်လိုက်တာပါ။

အီးတီ စင်ပေါ်တက်လာတယ်။ အောင်မာ . . အင်္ကျီအဖြူနဲ့ ဘန် ကောက်ပုဆိုးနဲ့ ကျော့လို့သန့်လို့ဗျ။

အမှန်တော့ အင်္ကျီအဖြူနဲ့ ဘန်ကောက်ပုဆိုးက တစ်စုံတည်းရှိတာ။ ဒါကိုမှ သီချင်းဆိုသူကဆို။ ပြီးရင် တိုင်ဖုံးနောက်ကွယ်မှာ ရပ်နေတဲ့ ဘောင်းဘီတို၊ အင်္ကျီချွတ်နဲ့ နောက်ဆိုမယ့်လူကို ချွတ်ပေး။ အဲဒီလူက အင်္ကျီအဖြူ၊ ဘန်ကောက်ပုဆိုးကိုဝတ်။ သီချင်းဆို။ ပြီးရင်ပြန်ချွတ်ခဲ့ပေး။ အဲလို အလှည့်ကျလုပ်ရမှာ။ အီးတီသာ စင်ရှေ့ထွက်သွားတာ။ တိုင်ဖုံးနောက်မှာ ဘောင်းဘီတိုနဲ့ တုန်နေတဲ့ သူတွေအများကြီး။ အောင်မာ . . တန်းစီတဲ့အထဲ သူကြီးဦးရွှေနောင် တောင်ပါသဗျ။ သူလည်း သီချင်းဆိုမှာကိုး . . ။

အီးတီလည်း ထွက်လာရော ဒေါ်မြတင်က ဆက်ကြေညာပေးတယ် . . . ။

"ယခု . . စတင်ဖျော်ဖြေမယ့် သူက အားလုံးသိတဲ့အတိုင်း ရွာကျက်သရေဆောင် အီးတီပါ . . . သူသီဆိုမယ့် သီချင်းကတော့ . . . "

အီးတီမျက်နှာကြီး မည်းတက်သွားတယ်။ ဖြစ်ချင်တော့ သူလည်း စင်ပေါ်မှာလုံချည်ပြင်ဝတ်တဲ့ အချိန်ကြီးကိုး . . . ။ အမှန်တော့ သီချင်းနာမည်က အမုန်းခွန်အားပေးသနားပါ။ ဒါကိုသူက အမုန်းဆိုတာမေ့ပြီး ဟိုသင်းကြီး ထည့်ပြောလိုက်တော့ အဓိပ္ပာယ်က တစ်မျိုးကြီး ဖြစ်သွားတယ်။ အီးတီ ဒေါ်မြတင်ကိုလှည့်ကြည့်ပြီး





ပြောမလို့လုပ်သေးတယ်။ နောက်မှသတိရပြီး မှင်ပြန်သတ်ကာ စင်ရှေ့ရပ်လိုက်တယ်။

လာပြီ . . ။ ဦးဇော်ဝိတ်ကြီးရဲ့ ညင်သာတဲ့တီးကွက် . . ။ အီးတီကလည်းကွက်တိပဲ၊ သီချင်းဝင်ရမယ့်နေရာ ဆွေးလှတဲ့ မျက်နှာနဲ့ သီချင်းကိုစဆိုလိုက်တယ် . . . ။

"ဆုတိုင်းဒေါင်းသာ × × ပြည့်စေချင် × × ဟင်"

သူဟာသူဆိုပြီး သူဟာသာသူပြန်ကြောင်သွားတယ်။ သူဆိုရမှာက 'ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်' ဖြစ်ရမှာ။ အခုတော့ ဆုတောင်းတိုင်းမဖြစ်ဘဲ ဆုတိုင်းဒေါင်းကြီးဖြစ်သွားတာကိုး။ ဒါကြောင့် ဟန်မပျက်သီချင်းကိုရပ်ပြီး ကိုဇော်ဝိတ်ကို အစကပြန် တီးဖို့ အချက် ပြန်ပြတယ်။ ဟိုကလည်း အစကပြန်တီးပေးပါတယ်။ အမှန်တော့ ဒီသီချင်းက အီးတီရဲ့ စိတ်ကြိုက်တေး သူပိုးနေတဲ့ မသိန်းဆွေ သူ့ကိုမယူဘဲ တခြားရွာသား ယူသွားလို့ ဖီး(လ်)တက် နေတဲ့သီ ချင်း . . . ။

သီချင်းအင်ထရိုလည်းဆုံးရော အီးတီကကွက်တိပဲ သီချင်း ကို ပြန်ဝင်ဆိုလိုက်တယ်။ အသံကလည်း ဝါဝါ အောင်အောင် ကြီးနဲ့ . . .

"ဆုတိုင်း × × ဒေါင်းသာ ပြည့်စေချင်ပါသည် × × ဟာ"

သူနောက်တစ်ခါ ထပ်ဆိုလိုက်ပေမယ့် ဆုတောင်းတိုင်း မဖြစ်ဘဲ ဆုတိုင်းဒေါင်းပဲ ဖြစ်နေတယ်ကိုး။ ကျီးကြည့်ကြောင်ကြည့်နဲ့ ပရိသတ်ကို လိုက်ကြည့်တယ်။ ပွဲကြည့်တဲ့ပရိသတ်ကလည်း အီးတီကို ကြောင်ပြီးကြည့်နေကြတယ်။ အမှန်တော့ ပရိသတ်ကဘာမှသိတာ မဟုတ်ဘူး။ သူရပ်လိုက်လို့သာ နားမထောင်ကြတော့တာပဲ။ ဘာ သီချင်း ညာသီချင်း သိပ်သိကြတာမဟုတ်ဘူး။ ဒါနဲ့အီးတီက နောက်

တစ်ကြိမ် ပြန်စဖို့ ကိုဇော်ဝိတ်ကို အချက်ပြပြန်တယ်။ ကိုဇော်ဝိတ်က လည်း နည်းနည်းတော့တင်းနေပြီ။ ဒါပေမယ့်စင်ပေါ်မှာမဟုတ်လား မရှင်မပြနဲ့ပဲ ပြန်စတယ်။ အီးတီကလည်း ဆက်ဆိုတယ်။

"ဆုတိုင်း × × ဒေါင်းသာ × × အာကွာ. ."

ဆိုပြီး မိုက်ခွက်ကို ဂလုံခနဲပစ်ချပြီးဆင်းသွားတော့တာ။

"ကိုင်းဟာ. . ဆုတိုင်းဒေါင်းဦး၊ ဆုတိုင်းဒေါင်းဦး. ."

ဆိုပြီး မိုက်ခွက်ကို ဖနောင့်နဲ့ ပေါက်သွားသေး။ အမှန်တော့ သူ ဖာသာသူ ထူပူပြီး စကားမှားတာပါ။ ဒါကို မိုက်ခွက်ကြောင့်ပဲ မှားသလို လုပ်သွားသေး။ တတ်လည်းတတ်နိုင်တဲ့လူ. . .။

တိုင်ဖုံးနောက်ရောက်တာနဲ့ သူကြီးဦးရွှေနောင်က သူ့အင်္ကျီ နဲ့လုံချည်ဆွဲချွတ်ယူလိုက်တယ်။ ဒီအလှည့်ကသူ့အလှည့်ဟာကိုး. . .။

ဖတ်ခနဲ စင်မြင့်ပေါ်ကမီးလင်းလာတယ်ဆိုရင်ပဲ . . .

သူကြီးကို အခုလိုစင်ပေါ်မှာ ခန့်ခန့်သန့်သန့်ကြီး မြင်ရတော့ ရွာသားတွေအားလုံး ပွဲကျသွားကြတယ်။

"သူကြီးကွ. ."

"ဒါမှ ဦးရွှေနောင်ကွ. . ."

ဆိုတဲ့ အသံတွေဆူညံသွားတယ်။ ဦးရွှေနောင်က ပရိသတ် ကို လက်တစ်ချက်ဝှေ့ရမ်းပြပြီး ကိုဇော်ဝိတ်ကိုကြည့်တယ်။ ကိုဇော် ဝိတ်ကလည်း အံ့အားသင့်စွာ သူကြီးကိုပြန်ကြည့်တယ်။ သီချင်းတိုက် တုန်းက သူကြီးပါမှမပါဘဲကိုး။

"မင်း. . . ဘာသီချင်းတွေရလဲ"

သူကြီးရဲ့ ခပ်ပြတ်ပြတ်အမေး။ ဒါကို ကိုဇော်ဝိတ်ကခေါင်း လေးကုတ်ပြီး. . .

"ဟိုလေ. . တော်တော်များများရပါတယ် အဲ. . တွံတေး





သိန်းတန်သီချင်းတွေဆို ပိုပိုင်တယ်. ."

"တွံတေးသိန်းတန်. ."

ဇော်ဝိတ်စကားကို သူကြီးက လိုက်ရေရွတ်တယ်။ ပြီးမှ. . .

"တွံတေးသိန်းတန်သီချင်းတွေတော့ ငါအလွတ်မရဘူး ကွ. .၊ ဒါပေမယ့်. . ."

ဆိုပြီး ခါးကြားထဲမှလျှောက်စမ်းလိုက် စဉ်းစားလိုက်လုပ် နေတယ်။ ပြီးမှ ဖတ်ခနဲတစ်ခုကိုဆွဲထုတ်လိုက်တယ်. .။

အဟုတ်ဗျား. .။ တွံတေးသိန်းတန် တေးပေါင်းချုပ်ကြီး။ ကိုဇော်ဝိတ်ပါ မျက်လုံးပြူးသွားတယ်. .။

သူကြီးက တွံတေးသိန်းတန် သီချင်းစာအုပ်ကို ဟိုလှန် ဒီလှန်လုပ်ပြီး. . .။

"ပန်းနွယ်ကစိမ်း. . ရမလား"

သူကြီးအမေးကို ကိုဇော်ဝိတ် ခေါင်းခပ်သွက်သွက်ညိတ်ပြီး . . .

"ဟုတ်. . ဟုတ်ကဲ့. . ရပါတယ်"

ဆိုပြီး မယ်ဒိုလင်လက်ကွက်စမ်းတယ်။ ဟုတ်တယ်။ တွံတေး သိန်းတန်ရဲ့ ပန်းနွယ်ကစိမ်းသီချင်း. . .။

သူကြီးသီချင်းစာအုပ်ကို ခပ်မြင့်မြင့်မြှောက်ကြည့်တယ်။ မီး အလင်းရောင်နည်းတော့ သိပ်မသဲကွဲဘူးထင်ပါ့. .။ ပြီးမှပရိသတ် ဖက်လှည့်လို့. . တွံတေးသိန်းတန်အသံ. . တွံတေးသိန်းတန်ဟန် နဲ့. . .

"အဲ. . ကျွန်တော်အခုသီဆိုမယ့် သီချင်းက. . အဲ. . ကျွန်တော်ချစ်ခင်လေးစား အဲ . . တန်ဖိုးထားရပါသော . . အဲ အစ် ကိုကြီး တွံတေးသိန်းတန်ရဲ့. . အဲ. . ပန်းနွယ်ကစိမ်း. . ဆိုတဲ့ သီချင်း

ပဲဖြစ်ပါတယ်. . အဲ. . မေတ္တာတော်အနန္တနဲ့ ဟန်ကျပန်ကျ ရှုစား နားဆင်ပေးကြပါ ရွှေပွဲလာ. . . ”

သူကြီးဆီက ပီသကြည်မြတဲ့ တွံတေးသိန်းတန်သံကြီး ထွက်လာတော့ ပရိသတ် ဝေါခနဲ သဘောကျသွားတယ်။ အသံက တူနေတဲ့အပြင် တွံတေးသိန်းတန်ကိုပါ သူ့အစ်ကိုရင်းလိုလို ဘာလိုလိုပြောတော့ သဘောကျကြတာပေါ့. . . ။

သီချင်းအင်ထရိုက ဝင်နေပြီ။ သူကြီးက သီချင်းတေးသွားကို အပီအပြင် ခံစားနေတယ်။ အခုကျတော့ လည်းသူ့ပုံက ရပ်ရွာမှာစီမံ အုပ်ချုပ်အလုပ်ရှုပ်နေတဲ့ရွာလူကြီးတစ်ဦးနဲ့မတူတော့ဘဲ တကယ့်ဝါရင့် အနုပညာသမားပုံ ပေါက်နေတယ်။ သီချင်း အဝင်ပိုက်မှ သတိရပြီး စာအုပ်ကိုမြှောက်ကာ သီချင်းကို စဆိုလိုက်တယ်။

“ပန်းနွယ်က. . စိမ်း . . အဲ . . စိမ်းတယ် . . ရေးဆို- တွံတေး . . . သိန်းတန် . . ဟင်. . ”

သူကြီးက သီချင်းကို တွံတေးသိန်းတန်သံနဲ့ဆိုရင်း စာသားမှာပါတဲ့

အခုကျတော့လည်းသူ့ပုံက ရပ်ရွာမှာစီမံ အုပ်ချုပ် အလုပ်ရှုပ်နေတဲ့ရွာလူကြီး တစ်ဦးနဲ့မတူတော့ဘဲ တကယ့် ဝါရင့် အနုပညာသမားပုံ





ရေးဆို-တွံတေး သိန်းတန်ဆိုတာကြီးပါ ထည့်ဆိုမိတော့ ကြောင်ပြီး ရပ်သွားတယ်။ စာသားထဲမှာ ဘယ့်နှယ့်ရေးဆို-တွံတေး သိန်းတန်ကြီး ပါနေလဲပေါ့. . နောက်. . အသေအချာကြည့်မှ သူသဘောပေါက်သွားတယ်။ သီချင်းနာမည်ကလည်း ပန်းနွယ်ကစိမ်း၊ သီချင်းအစကလည်း၊ ပန်းနွယ်ကစိမ်းဆိုတော့ ခေါင်းစဉ်ကစဆိုမိပြီး အောက်က ရေးဆို- တွံတေး သိန်းတန်ဆိုတာကြီးပါ ဆိုမိသွားတာကိုး. . . ။ ဒါကြောင့် ရှက်ရှက်နဲ့. .

“ဟာကွာ. . ”

ဆိုပြီး မိုက်ခွက်ကို ဂလုံခနဲပစ်ချကာ တိုင်ဖုံးနောက် ပြေးဝင်သွားတော့တယ်။ ပြီးတော့ ဝတ်ထားတာချွတ်ပုံပြီး ဘောင်းဘီတိုနဲ့ပဲ ဆင်းချသွားတော့တယ်. . ။

သူ့နောက်မှ. . . လာပြီဗျာ . . .

ဦးဆယ်ပြား။ သူကဦးရေပြားနဲ့ မိုက်မကိုင်ကြေး အလောင်းအစားလုပ်ထားတာဆိုတော့ အပီအပြင်ဆိုမယ်ဆိုပြီး စင်ပေါ်ရှပြီး တက်လာတယ်။ စင်ပေါ်ရောက်တာနဲ့ ဝါရင့်အဆိုတော်ကြီးများလို ပရိသတ်ကို ပိုင်ပိုင်ကြီးဝေ့ကြည့်တယ်။ ပရိသတ်ကလည်း သီချင်းတစ်ပုဒ်မှ ကောင်းကောင်းနားမထောင်ရသေးတော့ ပွဲက စမှန်းမသိ မစမှန်းမသိနဲ့ ရှုစိစိတွေဖြစ်နေပြီ. . . ။

ဦးဆယ်ပြားက ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ မျက်ချေးသုပ်လိုက်ခေါင်းကုတ်လိုက်လုပ်နေပြီး . . ပြီးမှ ပြုံးပြုံးကြီးနဲ့ . . .

“ကျွန်တော်အခု သီဆိုမယ့်သီချင်းကတော့ ဂုဏ်. . ဆိုတဲ့ သီချင်းဖြစ်ပါတယ်။ ငွေရှိမှ ဂုဏ်ရှိတယ်ထင်ကြတဲ့ လူတွေအတွက် ကျွန်တော် ဆယ်ပြားပဲတန်တဲ့ ဆယ်ပြားက ငွေအကြောင်း၊ ဂုဏ်အကြောင်းကို အဆို အကနဲ့ ဟောဒီလိုတင်ဆက်မှာပါ. . . ”

အမှန်တော့ဒီသီချင်းမျိုးက ဆိုင်းကြီးဝိုင်းကြီးနဲ့ဆိုမှနားထောင်ကောင်းတဲ့သီချင်းမျိုးပါ။ ဒါပေမယ့် မယ်ဒိုလင်တစ်လုံးတည်းရှိတယ်ဆိုတော့လဲ ဘယ်တတ်နိုင်မှာလဲ။ တစ်လုံးတည်းနဲ့ရအောင်ဆိုရတော့မှာပေါ့။ တစ်ဖက်ကလည်း မိုက်မကိုင်ရဘူးဆိုတော့ လူစိတ်ဝင်စားအောင် ကဆိုရမှာကိုးဗျ။ ဒီလောက်ကတော့ ဆယ်ပြားကပိုင်ပါတယ်။ ဒီသီချင်းကလည်း သူမူးတိုင်းဆိုပြီး ဖွတ်ဖွတ်ညက်ညက်ကြေအောင် ရထားတဲ့သီချင်းမဟုတ်လား. .။

လာပြီဗျာ. .။ ဦးဆယ်ပြားရဲ့ ဆယ်ပြားတန်ဂုဏ်. .။

"ဂုဏ် ×× ဂုဏ် ×× ဂုဏ် ×× ဂုဏ်ဆိုတာ ငွေကိုခေါ်တယ် ×× ငွေကိုသာရေလိုသုံးရင် တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ် ×× ဂုဏ် ×× ဂုဏ် ×× ဂုဏ်တဲ့ဗျာ"

သူ့သီချင်းသံကြားတော့ နည်းနည်းရွှချင်တဲ့ကာလသားများကလိုက်ဆိုပေးတယ်။ သီချင်းကလည်း အရက်သမားကြိုက်သီချင်းလေ။ မယ်ဒိုလင်တစ်လုံးတည်းနဲ့ ဆိုရပေမယ့် ဦးဆယ်ပြားရဲ့အသံက စီးပိုင်နေတော့ နားထောင်ရတာ အားရှိတာပေါ့. . .။

"ယောက္ခမကြီးက မျက်နှာချိုတယ် ×× ချစ်မယားက စေတနာပိုတယ် ×× ယောက္ခမ ယောက္ခမ မျက်နှာချိုတယ် ×× ကျွန်တော့်မယားက စေတနာပိုမယ် ×× ငွေရအောင်ရှာမယ် ×× ငွေငွေရေလိုသုံးမယ် ×× သောက်မယ် စားမယ် ပျော်မယ် ပါးမယ်×××"

ပရိသတ်နဲ့ဦးဆယ်ပြား အစပ်အဟပ်ကိုတည့်နေတာ။ ဦးဆယ်ပြားကလည်းအားရပြီး လက်သီးလက်မောင်းတန်းပြီး နောက်တစ်ကျော့ပြန်စလိုက်တယ်။

"ဂလုံ. . ဂလုံ. . ဂလုံ"

"ဟင်"





**သူတစ်လုံးပဲဆိုရသေးတယ် အီးတီက ဆတ်ခနဲ နိုးလာပြီး မိုက်ကြိုးကို ဆွဲလိုက်တဲ့အတွက်**

သူဆိုတာကဂုဏ်ပါပဲ။ ဘယ့်နှယ့် ဂလုံဂလုံအသံထွက်သွားတယ်ဆိုတာမသိဘဲဖြစ်နေတယ်။ နောက်. . . အသေအချာကြည့်မှ မိုက်စတမ်းကြီးက သူလက်သီးလက်မောင်းတမ်း ခုန်ကနေတဲ့ဒဏ်ကိုမခံနိုင်တော့ဘဲစင်ကြမ်းပြင်ပေါ်ပြုတ်ကျသွားတာ။ ဦးဆယ်ပြားလည်းအဲဒီတော့မှအသိပြန်ဝင်ပြီး မိုက်ခွက်ကို ကုန်းကောက်ဖို့လုပ် တယ်။ အဲဒီအချိန်မှာပဲ ဦးရေပြားရဲ့ . . .

"ဟော့ကောင် . . . ငါးပုလင်းနော် . . . ငါးပုလင်း . . ."

ဆိုတဲ့ အသံကြားတော့ ဦးဆယ်ပြားလည်း မိုက်ခွက်ကိုကိုင်မယ့်လက် တွန့်သွားရတယ်။ ဟုတ်တယ်လေ. .။ သူနဲ့ဦးရေပြား မိုက်ခွက်မကိုင်ကြေး လောင်းထားတာကိုး. .။ မိုက်ခွက်ကို ကောက်ပဲကိုင်ရမလား။ မကောက်ဘဲ ထားရမလား. . . မဝေခွဲနိုင်တာနဲ့ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေတယ်။နောက်မှ. . . ဒေါသထွက်သွား ပြီး. . .

"ဒီလောက် မြင့်စေချင်လို့ စတန်းနဲ့ထားတာကို မြင့်တယ်

ထင်ပြီးခုန်ချချင်တဲ့မိုက်. . . နင့်ဟာနင်ကြမ်းပြင်ပေါ်မှာပဲ နေရစ်သေရစ်ပေတော့ . . . အင်းဟာ. . အင်းဟာ. . ”

ဆိုပြီး ဖနောင့်နဲ့ပေါက်ကာ ရှူးရှူးရှားရှားနဲ့ စင်နောက်ပြေးဝင်သွားတော့တယ်။

သူ့ကိုကြည့်ပြီး ဦးရေပြားကတော့ အောင်မြင်သူသဖွယ် တဟားဟားရယ်လို့. . .။

“ဟား. . ဟား. . ဟား. . ရေပြားတုမှတ်လို့ ဆယ်ပြားခုန်ဖင်ခွပ်ခွပ် ကျိုးရုံသာရှိတော့မှာပေါ့ကွ. . . ဟား. . ဟား. . မိုက်ခွက်မကိုင်ဘဲ သီချင်းဆိုဖို့ဆိုတာ သဘာလိုတယ်ကွ ဆယ်ပြားရေ. . ဟဲဟဲ. . မင်းဆရာရေပြား ဘယ်လိုဆိုသွားမယ်ဆိုတာ စောင့်ကြည့်လိုက်သူငယ်. . . မိုက်ခွက်ကို ရိုးရိုးမကိုင်ရုံမကဘူး. . . ပါဖောမင့် ဆိုတဲ့အတတ်နဲ့ ပရိသတ်ရဲ့အသည်းကို ဘယ်လိုလှည့်ချူမယ်ဆိုတာကြည့်. အောင်မာ ရှက်ရမ်းရမ်းပြီး ဆင်းဖို့မကြိုးစားနဲ့ဦး . . . အဝတ်အစားလာချွတ်ပါဦး . . . မင့်ကိုကြီးလည်း ဝတ်ရဦးမယ်လေကွာ”

စင်ထောင့်မှာ အရက်ပုလင်းကြီးပိုက်ပြီး ငူငူကြီးထိုင်နေတဲ့အီးတီဘက်ကိုလည်းလှည့်လို့. . .။

“ဟေ့ကောင်. . . အီးတီ၊ ငါပြောထားတဲ့အတိုင်းနော့. .။ ငါနိုင်ရင် မင်းကိုနှစ်လုံးထပ်ပေးမယ်. .၊ ပါဖောမင့်ကိုတော့ ပီပါစေ. . ”

ဆိုပြီး အီးတီကိုညွှတ်တယ်။ အီးတီက သူ့ဇက်ကျိုးကြီးပေါ်တင်ထားတဲ့ခေါင်းစောင်းကြီးကိုညိတ်ပြကာ. . .။

“ခင်ဗျားကြီးသာ ကတိတည်ပါစေ. . . ကျုပ်တာဝန်တော့ စိတ်ချ. . . ”

ဆိုပြီးပြန်ဖြေတယ်။ ဦးရေပြားက အောင်နိုင်သူလို ပြုံးပြီး





“စိတ်ချစမ်းပါကွာ. . ဦးရေပြားတဲ့. . . ကိုယ့်အပေါ်မှာ ဘာမှထားတာ မဟုတ်ဘူး. . . ”

ဆိုကာ စင်ရှေ့တစ်လှမ်းချင်း လှမ်းသွားတယ်။ အောင်မာပြုံးပြုံး ကြီးနဲ့ လက်ကိုတောင် နောက်ပစ်သွားသေး။ မယ်ဒိုလင်တီးမယ့် ဇော်ဝိတ်ကလည်း ဦးရေပြားဘာလုပ်မှန်းမသိလို့ ကြောင်ကြည့်နေတယ်။ ဦးရေပြားကဇော်ဝိတ်ကို သီချင်းစတီးဖို့ မျက်နှိမ်ပြလိုက်တယ်။ ကိုဇော်ဝိတ်က မိုက်ခွက်ရောဆိုပြီး လက်ဟန်ခြေဟန်နဲ့မေးတယ်။ ဒါကိုဦးရေပြားက ပိုင်ပါတယ်ဆိုတဲ့အထာမျိုးနဲ့ သီချင်းကိုစတီးခိုင်းတယ်။ သူတီးခိုင်းတော့ ဟိုလူကလည်း ကြောင်တောင်တောင်နဲ့ စတီးရတော့တာပေါ့. .။ နောက် မယုံသလိုနဲ့ ဦးရေပြားကို လှည့်ကြည့်လှည့်ကြည့်ဖြစ်နေတယ်။ ပရိသတ်ကလည်း မိုက်ခွက်မပါဘဲ စင်ပေါ်ရပ်နေတဲ့ဦးရေပြားကို ကြောင်ပြီးကြည့်နေကြတယ်။ သီချင်းအဝင်ပိုင်းကျတော့ ကွက်တိ ဗျား။ စင်ခေါင်မိုးကနေ မိုက်ခွက်ကြီး ကြိုးနဲ့ကျလာပြီး ဦးရေပြား ပါးစပ်ရှေ့မှာငြိမ်သွားတယ်။

“ကျေး × × စေခိုင်းရမှာဖြင့် ရိုးတယ်ထင်တယ်”

ဦးရေပြားရဲ့အသံ အသင့်ကျလာတဲ့မိုက်ခွက်ကနေ ပီပီသသကြည်ကြည်မြမြကြီး ကြားလိုက်ရတော့ ပရိသတ်များဝေါခနဲ သဘောကျသွားတယ်။

“ဒါမှ. . ဦးရေပြားကွ. . ”

“ရေပြားကွ. . ရေပြား. . ”

“သားရေပြား. . . သားရေပြား. . အဲလေ. . ”

ဆိုတဲ့အသံလည်း စီညံသွားကြတယ်။ မယ်ဒိုလင်တီးနေတဲ့ ကိုဇော်ဝိတ်တောင်ဝမ်းသာသွားတယ်။ ဦးရေပြားကလည်းအေးဆေး

ပဲ။ ပြုံးပြုံးကြီးသီချင်းကိုဆက်ဆိုနေတယ်။

"ပေဖူးလွှာ × × ပေဖူးလွှာ × × အမှာပါးရမှာဖြင့် × ×ဖိုးလမင်းကို"

မိုက်ခွက် နည်းနည်းနိမ့်သွားတယ်။ ဦးရေပြားက ခါးလေးကိုင်းပြီးဆက်ဆိုတယ်။

"ဖိုးလမင်းကို × ×"

မိုက်က ပိုနိမ့်လာတယ်။ ကြည့်လိုက်တော့ အီးတီအရက်မူးလွန်ပြီးအိပ်ငိုက်နေတယ်။ ဒါကိုဦးရေပြားက ခါးကိုထပ်ကိုင်းကာ . .

"ဖိုးလမင်းကို အောင်သွယ်ခိုင်း × × ရပ့်မယ်"

မည်သို့ပင်ဆိုစေကာမူ ပရိသတ်က ဦးရေပြားရဲ့ ပါဖောမင့်ကို အကြီးအကျယ်သဘောကျနေကြတယ်။ လက်ခေါက်မှုတ်သံတွေလည်း စီညံနေတယ်။ ဦးရေပြားက ဟန်မပျက်သီချင်းဆက်ဆိုတယ်။

"အောင်သွယ်တော် × × ဖိုးရွှေလမင်းရယ် အိမ်ထဲကို ဝင်ကာမပြေးနဲ့ တောင်းပန်တယ် × × "

မိုက်ခွက်က တဖြည်းဖြည်းနိမ့်ဆင်းပြီး သူ့ချက်လောက်ရောက်လာတယ်။ ကုန်းဆိုဖို့ဆိုတာလည်း ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။ အီးတီကြည့်တော့လည်း တစ်ဖက်ကကြိုးဆွဲ တစ်ဖက်ကပုလင်းပိုက်ပြီးအိပ်ပျော်နေတာ ဟောက်များတောင်ဟောက်လို့။ ဒါနဲ့ပဲ ဟန်မပျက်ဒူးထောက်ထိုင်ပြီး သီချင်းကိုဆက်ဆိုတယ်။

"အောင်သွယ်တော် ဖိုးရွှေလမင်းရယ် × × တိမ်ထဲကိုဝင်ကာမပြေးနဲ့ တောင်းပန်တယ် × × ချစ်သူအဖြေစကား ပြုံးရိပ်လေးများလမင်းမှာရှိတယ်. . "

မိုက်ခွက်ကဆိုရင်းဆိုရင်း ပိုနိမ့်လာတယ်။ ဒူးထောက်ထိုင်လို့ကို မရတော့တာနဲ့ တင်ပါးချထိုင်ကာ ဒူးတစ်ချောင်းပေါ် လက်တင်





ထားလိုက်ရတယ်။ ပရိသတ်ကတော့ ဦးရေပြားကြီးသီချင်းဆိုရင်းအိုက်တင်လုပ်နေတယ်မှတ်ပြီး ဂုဏ်သာအားရကိုအားပေးနေကြတယ်။

"တွေးရင်းအဖြေရှာ × × မောလှပါပြီ အချစ်ရယ်"

သူဆိုနေတုန်းမှာပဲမိုက်ခွက်က ကြမ်းပြင်နဲ့ထိဖို့တစ်ထွာအကွာလောက်ထိကို နိမ့်ဆင်းလာတယ်။ ဦးရေပြားဘယ်လိုမှဆက်ဆိုလို့မရတော့တာမို့ ဘေးတစောင်းလှဲချပြီး အိပ်ရင်းဆက်ဆိုတယ်။

"ဒီတစ်ခါလမင်းတွေ့ရင်း ပြုံးဖြစ်အောင် ပြုံးပြလိုက်ပါကွယ်"

ဘေးတစောင်းလဲပြီး ပိုင်ပိုင် နိုင်နိုင်ဆိုချသွားတဲ့ ဦးရေပြားကိုကြည့်ပြီး ပရိသတ်တွေအကြီးအကျယ် သဘောတွေကျနေကြတယ်။

"ဒါမှ ရေပြားကွ. . . "

ဆိုတဲ့ အသံတွေလည်းဆူညံနေတယ်။ သူတို့စိတ်ထဲမှာ ဦးရေပြားကြီး တမင်ပညာပြနေတယ်ထင်နေကြတာကိုး. . ။ ထင်လည်းထင်စရာ။ ဦးရေပြားရုပ်က ပြုံးပြုံးကြီးဟာ. . ။

"ချစ်တဲ့စိတ်ကို × × ဟာ"

သူတစ်လုံးပဲဆိုရသေးတယ် အီးတီက ဆတ်ခနဲနိုးလာပြီး မိုက်ကြိုးကိုဆွဲလိုက်တဲ့အတွက် မိုက်ခွက်ကဆတ်ခနဲပြန်မြင့်တက်သွားတယ်။ ဒါကို ဦးရေပြားကလည်းလျင်တယ်။ ချက်ချင်းကုန်းထပြီး ရအောင်ဆိုတယ်။

"မျှိသိပ်ကာထားသော်လည်း × × ရွှေအားကငယ်ငယ်"

မိုက်ခွက်က သူ့ပါးစပ်ပေါက် ကနေမြင့်တက်ပြီး ခေါင်းပေါ်ရောက်သွားတယ်။ဒါကို ဦးရေပြားကလည်းရအောင်ခြေဖျားထောက်ပြီးလိုက်ဆိုတယ်။

"ဖော်ရွေအပြုံးနဲ့ × × ချစ်စရာကောင်းတဲ့ ချစ်သူရယ်"

မိုက်ကပိုမြင့်သွားပြီ။ ဦးရေပြားခြေဖျားကိုအတတ်နိုင်ဆုံး လိုက်မြှင့်ထောက်ကြည့်တယ်။ နှစ်ဖက်မရတော့တစ်ဖက်တည်း မြှင့်ထောက်ပြီး နောက်တစ်ဖက်နဲ့ယှက်ကြည့်တယ်။ မရဘူး . . .။ အီးတီက မိုက်ကြီးကို မလွှတ်တမ်းဆွဲပြီး အိပ်ငိုက်နေတော့ သူ့ငိုက်လေ မိုက်က မြင့်လေဖြစ်နေတယ်။ ဦးရေပြားလည်း မိုက်ခွက်ကိုအရပ်ထောက်ပြီးဆိုလို့ဘယ်လိုမှ မမှီတော့တာနဲ့ဘေးနားက မယ်ဒိုလင်တီးနေတဲ့ ဇော်ဝိတ်ကို ဂလွမ်ခနဲကန်ချပြီး ဇော်ဝိတ် ထိုင်တဲ့ခုံကို ခြေမနဲ့ညှပ်ယူပြီးခုံပေါ် တက်လိုက်တယ်။

ကွက်တိဗျာ။ သူခုံပေါ်တက်ရပ်လိုက်တာနဲ့မိုက်ခွက်က သူ့ပါးစပ်ပေါက်နဲ့ကွက်တိ။ ဦးရေပြားက ဘာမှမဖြစ်ဟန်နဲ့ ပြုံးပြီးသီချင်းကိုဆက်တယ်။

"လမင်းက တစ်ဆင့် ချစ်တဲ့အကြောင်းကို ပြောချင်တယ်"

ဖလွတ်ခနဲ မိုက်ခွက်က နိမ့်ကျသွားတယ်။ ဦးရေပြားခုံရဲ့ကျောမှီကို ဖတ်ခနဲ ထိုင်ချလိုက်တယ်။ သူ့ပါးစပ်

ဘေးနားက
မယ်ဒိုလင်တီးနေတဲ့
ဇော်ဝိတ်ကို
ဂလွမ်ခနဲကန်ချပြီး





ပေါက်နဲ့မိုက်ခွက်က ကပ်ပါနေတယ်။

"ချစ်ခြင်းရည်တူ ကြည်ဖြူနိုင်မယ်ဆိုရင်ဖြင့်ကွယ် × × ဖိုးရွှေလမင်းကို ပြုံးရုံလေးပြုံးပြလိုက်ပါကွယ် × × ×"

မိုက်ကြိုးက အီးတီလက်ထဲကနေ ဖလွတ်ခနဲလွတ်ကျပြီး ကြမ်းပြင်နဲ့ တစ်ထွာအကွာမှာရပ်သွားတယ်။ ဦးရေပြားလည်း ခုံပေါ်ခြေနှစ်ဖက်တင်ပြီး ကြမ်းပြင်ပေါ်လက်နှစ်ဘက်ထောက် ဝမ်းလျားမှောက်လိုက်တယ်။ ဒီကြားထဲမိုက်ခွက်က မြင့်လာလိုက် နိမ့်သွားလိုက်ဖြစ်နေတာနဲ့ သူ့ခမျာဒိုက်ထိုးပြီးတော့ကို ရအောင်ဆိုနေရတယ်။

"အောင်သွယ်တော် ဖိုးရွှေလမင်းရယ် × × တိမ်ထဲကိုဝင်ကာမပြေးနဲ့ တောင်းပန်တယ်"

ပရိသတ်ကတော့ ဦးရေပြား ဒီသီချင်းမျိုးကို ဒီလိုဒိုက်ထိုးပြီးတော့ကို ဆိုလို့ရတယ်ဆိုပြီးထင်လို့လားမသိဘူး အကြီးအကျယ် အားပေးကြတယ်။ ဒိုက်က ဆယ်ချက်လောက်ထိုးပြီးတော့ ဆက်မထိုးနိုင်တော့ဘူး။ အဲဒီအချိန်မှာပဲမိုက်ခွက်က လှစ်ခနဲပြန်တက်သွားပြီးတောင်ဖက်ယိမ်းလိုက်၊မြောက်ဖက်ယိမ်းလိုက်ဖြစ်နေတယ်။ဦးရေပြားကလည်း နပ်တယ်။ မိုက်ခွက်ယိမ်းရာ မေးလေးတထိုးထိုးနဲ့ ဆိုကြည့်တယ်။ မိုက်ခွက်ကပိုယမ်းလာတယ်။ မသက်ာလို့ကြည့်လိုက်တော့ ဦးဆယ်ပြား။ အီးတီဆီက မိုက်ကြိုးကြီးယူပြီးလွှဲနေတာ။ ဦးရေပြားလည်းအလျှော့မပေးချင်းစိတ်နဲ့ ကိန္နရာကနဲ့ပြေးလိုက်ရင်း . . .

"အောင်သွယ်တော် × × ဖိုးရွှေလမင်းရယ်"

မိုက်ခွက်က မြောက်ဖက်ပြန်ပြေးသွားတယ်။ ဦးရေပြားကခြေဖျားတစ်ဖက်ထောက် ခုန်လိုက်ရင်း . . .

"တိမ်တဲကိုဝင်ကာမပြေးနဲ့ × × တောင်းပန်တယ်"